ခန္တီ စ တော် မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ရောက်အောင် စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အမျိုးသားညီလာခံသည် ပထမဆင့်အရေးကြီးဆုံးဖြစ် မူဝါဒလမ်းစဉ်(၇)ရပ်စလုံးအောင်မြင်ရေး ပြည်သူတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်ရန်လို ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရန် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းအောင်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စစ်ကိုင်းတိုင်း ကလေးမြို့သို့ နံနက်၉နာရီတွင်ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ကလေး တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကလေးတက္ကသိုလ်တွင် e-Education Resource Centre, e-Education Learning Centre, Computer Training Centre နှင့် Language Lab တို့၌ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေး စစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစိုးရနည်းပညာကောလိပ်(ကလေး)၏ သုံးထပ်ပင်မအဆောက်အအုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာဘဝတာ မေတ္တာနှင်းလျက် သွေးတစ်စက် အသက်ကယ်ရန်လှူဒါန်း

၂၀၀၄ ခုနှစ် ဇွန်လ ၁၄ ရက် (ယနေ့)သည် ကမ္ဘာ့သွေးလှူရှင်များနေ့ ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့၏ ဆောင်ပုဒ်မှာ **"အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ"**ဟူ၍ဖြစ်သည်။ **"သွေးသည်အသက်၊ အသက်သည်သွေး"**ဟူသော ဆိုရိုးစကားရှိပေသည်။ လူသားတို့ အသက်ရှင်နေထိုင်ရန်အတွက် ခန္ဓာကိုယ်တွင် လှည့်ပတ်နေသောသွေးမှာ အရေးကြီးပါသည်။

ပြင်းထန်သော ထိခိုက်ဒဏ်ရာများ၊ ရောဂါဝေဒနာများကြောင့် ခွဲစိတ်ကုသမှုခံယူရလျှင်သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားစဉ် သွေးသွန်၍သော်လည်းကောင်း၊ သွေးနှင့်ပတ်သက်သည့် ရောဂါဝေဒနာများကြောင့်လည်းကောင်း စသည့် အခြေအနေအမျိုးမျိုးတွင် သွေးသွင်းကုသမှု ခံယူရတတ်ပေသည်။

သွေးကို လိုအပ်သည့်အချိန်တွင် လိုအပ်သည့် ပမာဏသွင်း၍ ကုသနိုင်ပါမှ အသက်ချမ်းသာရာရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သန့်စင်သောသွေးကို လှူဒါန်းကြသော သွေးလှူရှင်တို့သည် ဘဝတစ်သက်တာ ကျေးဇူးတင်ထိုက်သူများဟု ဆိုရပေမည်။

သွေးသွင်းကုသရာတွင် ရောဂါပိုးသန့်စင်သော သွေးကိုသာ ပေးသွင်းရန် အရေးကြီးသည်။ ဗဟို အမျိုးသားသွေးလှူဘဏ်အနေဖြင့် သွေးလှူရှင်များက လှူဒါန်းထားသော သွေးများတွင် အိပ်ချ်အိုင်ဗွီ၊ ကာလသားရောဂါပိုး၊ အသည်းရောင်အသားဝါဘီ၊ စီဗိုင်းရပ်စ်ပိုးများ၊ ငှက်ဖျားရောဂါပိုးများ စသည်တို့ရှိမရှိ စနစ်တကျစစ်ဆေးပြီးမှသာလျှင် ရောဂါပိုးကင်းစင်သော သွေးများကို သွေးသွင်းကုသရန် ခွင့်ပြုသည်။

ရောဂါပျောက်ကင်းရန်အတွက် သွေးသွင်းကုသရာတွင် မသန့်ရှင်းသောသွေးများ ပေးသွင်းမိပါက အခြားရောဂါပိုးများ ခန္ဓာကိုယ်တွင်းသို့ရောက်ရှိသွားပြီး ဝေဒနာစွဲကပ်မှု မဖြစ်ပွားစေရေးအတွက် နိုင်ငံတော်အစိုးရက သွေးနှင့်သွေးပစ္စည်းဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်သည်။

ယခုအခါ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် တစ်နှစ်လျှင် သွေးအိတ်ပေါင်း တစ်သိန်းရှစ်သောင်းမှ နှစ်သိန်းဝန်းကျင် လိုအပ်လျက်ရှိကြောင်း သိရသည်။ ထိုလိုအပ်သော သွေးအိတ်အရေအတွက် ရရှိ စေရန်အတွက် အမျိုးသားသွေးသုတေသနလုပ်ငန်းအဖွဲ့သည် နယ်လှည့် သွေးလှူဒါန်းယာဉ်ဖြင့် လှည့်လည်ပြီး စေတနာရှင် သွေးလှူရှင်များရှာဖွေကာ သွေးကောင်းသွေးသန့်များရရှိနိုင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိသည်။

မြန်မာတို့သည် အလှူဒါနပြုရန် လက်မနှေးကြသူများ ဖြစ်သည်။ ဌာနဆိုင်ရာအလိုက်၊ အဖွဲ့အစည်း အလိုက်၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် သွေးလှူဒါန်းကြသောသတင်းများကို မကြာခဏ တွေ့မြင်ကြားသိ နေရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေး စသော ရည်မှန်းချက်များချမှတ်ပြီး ၎င်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန် ကျေးလက်ဒေသအောက်ခြေအထိ အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာပါက ထိရောက်စွာကုသမှုပေးခြင်းဟူသော နည်းနာသုံးရပ်နှင့် ဆောင်ရွက်လျက်ရှိသည်။

သွေးဗေဒဆိုင်ရာ အဆင့်မြင့်သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊ သွေးဘဏ်ဆိုင်ရာ အဆင့်မြင့်ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားစေရေးအတွက် ဦးဆောင်လမ်းညွှန်မှု ပေးနိုင်ရန်နှင့် ဘာသာရပ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည်များ ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် ၁၁ ဦးပါဝင်သော အမျိုးသား သွေးသုတေသနလုပ်ငန်းအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက ဖွဲ့စည်းထားရှိသည်။

မြန်မာတို့အနေဖြင့် သွေးလှူခြင်းသည် ထူးကဲမွန်မြတ်သော ကုသိုလ်တစ်မျိုးဖြစ်သည်ဟု ယူဆပြီး လှူဒါန်းလေ့ရှိကြသည်။ အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း မည်သူမဆို သွေးလှူဒါန်းနိုင်ကြပြီး သွေးလှူရှင် များသည် မိမိလှူလိုက်သောသွေးများ သွေးကောင်းသွေးသန့်များဖြစ်စေရန်၊ မိမိကိုယ်တိုင် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင် သွားလာစားသောက်ကြရန်နှင့် လိင်ကိစ္စအပျော်အပါး လုံးဝရှောင်ကြဉ်ကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဝေဒနာရှင်သည် မိမိအတွက်လိုအပ်သော သန့်စင်သည့်သွေးအလှူရှင်ကို **'အသက်သခင် သွေးလှူရှင်၊ ကျေးဇူးတင်စရာ ဘဝတာ'**အဖြစ် အစဉ်စွဲမြဲယုံကြည်လျက်ရှိပေရာ မေတ္တာနှင်းလျက်၊ သွေးတစ်စက်ကို အသက်ကယ်ရန် လှူဒါန်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄-၆-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Science and Scientists
(အင်္ဂလိပ်စာအထူးပြုအားလုံး)
၅း၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၅ ၁၆။ လျှပ်တစ်ပြက်
၆း၄၅ ၁၇။ မေးမြန်းစုံစမ်း
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ် ဒီဇိုင်းအဆန်းနဲ့အရမ်းကိုလှ"** (အပိုင်း-၁၂)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားတေးသမား"**(အပိုင်း-၁၀)

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန် တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏စီစဉ်မှုဖြင့် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ ကြီးမှူးကျင်းပသော မြို့နယ်အတွင်း မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးသိန်းအောင်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ ပညာပေး ဟောပြောစဉ်။
(က-ပ)

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းများ၌ကျင်းပ

ရန်ကုန် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အဖြစ် "ပညာကျန်းမာ ခွင့်လမ်းသာ ပြည့်စုံလှပ မိန်းကလေးဘဝ-စာရင်းအင်းနှင့် ညွှန်းဆိုပြ" ခေါင်းစဉ်ဖြင့် ပိုစတာပြိုင်ပွဲကို ပြည်နယ်၊ တိုင်းမြို့ကြီးများ၌ ယမန်နေ့က တစ်ပြိုင်တည်း ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပထမအဆင့် အသက် ၆ နှစ်မှ ၈ နှစ်၊ ဒုတိယအဆင့် အသက် ၉ နှစ်မှ ၁၂ နှစ်၊ တတိယအဆင့် အသက် ၁၃ နှစ်မှ ၁၅ နှစ်နှင့် စတုတ္ထအဆင့် အသက် ၁၆ နှစ်မှ ၁၈ နှစ် အထိဟူ၍ အဆင့်လေးဆင့် သတ်မှတ်ကျင်းပပေးလျက်ရှိရာ ယင်းပိုစတာပြိုင်ပွဲကို ရန်ကုန်တိုင်း အလုံမြို့နယ်ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက စတင်ကျင်းပပြီး ကျောင်းသား ကျောင်းသူ လူငယ်များ စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူကလေးများ၏ ယှဉ်ပြိုင်မှုကို ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမင်းနှင့် ကော်မတီဝင်များက လိုက်လံ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် ဝေဠုဝန် (မြောက်) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန်၁၀ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေး၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာရေးတာဝန်ခံ ဦးတင်ထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(က-ပ)

ပုဂံညောင်ဦးလေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက လေဆိပ်အဆောက်အအုံ ပြီးစီးမှုအခြေအနေနှင့် လေဆိပ်ပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့လေကြောင်း အထွေထွေမန်နေဂျာ ဦးစိုးလွင်နှင့် အင်ဂျင်နီယာမှူးကြီး ဦးလှညွှန့်တို့က ပုဂံညောင်ဦးလေဆိပ်တွင် လိုအပ်သော မြေပြင်သုံးစက်ကိရိယာများဖြစ်သည့် ခရီးသည်တင် လှေကား (Passenger Step)၊ ပစ္စည်းတင်ချစက် (Conveyor Belt)၊ မီးအားပေးစက် (Ground Power)၊ လေယာဉ်စက်နှိုးစက်(Air Starter)များ ထားရှိရန် အဆောက်အအုံဆောက်လုပ်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး တိုးချဲ့လေဆိပ်အဆောက်အအုံကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်နှင့်လိုအပ်သောအဆောက်အအုံများ တည်ဆောက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြေပြင်သုံး စက်ကိရိယာများထားရှိရန် အဆောက်အအုံ တည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု အခြေအနေ**(အပေါ်ပုံ)**ကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထပ်မံတိုးချဲ့သော ပုဂံညောင်ဦးလေဆိပ်အဆောက်အအုံမှာ အလျားပေ ၃၀၀နှင့် အနံပေ ၅၀ရှိပြီး လက်ရှိလေဆိပ်အဆောက်အအုံနှင့်တစ်ပေါင်းတည်း ဆက်စပ်၍ မြန်မာမှုလက်ရာများဖြင့် တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန်၂၆ရက် (စနေနေ့)တွင် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ရက် မွန်းလွဲပိုင်းတွင် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပြပွဲနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာဂျာနယ် အမှတ် ၄၅၄ ဖြန့်ချိ

ရန်ကုန် ဇွန် ၁၃

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၅၄ ကို ယနေ့(တနင်္လာနေ့) စတင်ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

"မီဒီယာခေတ်မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းနှင့်သတင်းဆောင်းပါးများကို ဦးဦးဖျားဖျားထူးထူးခြားခြား ရေးသားဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် မလေးရှားနိုင်ငံ၏အနာဂတ် ရေပြဿနာ၊ ကိုလံဘီယာနိုင်ငံအကြောင်း သိကောင်းစရာ၊ဥရောပခရီးစဉ် တရုတ်သမ္မတစတင်၊ ဆူဒန်နိုင်ငံရေးအခြေအနေ၊ ကွန်ဂိုနိုင်ငံရေး၊ ဂျီ–၈ ထိပ်သီးအစည်းအဝေး၊ အမေရိကန် လူ့အခွင့်အရေး၊ အီရတ်ဆိုင်ရာ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်သစ်၊ ကမ္ဘာလှည့်ခရီးသွားကတ်ပြားစနစ် ကျင့်သုံးသည့် အိန္ဒိယ၊ အိန္ဒိယစီးပွားရေးတိုးတက်မှုနှုန်းမြင့်တင်မည့်အစိုးရအဖွဲ့သစ်၊ ထိုင်းခရီးသွားလုပ်ငန်းပွဲတော်၊ နိုင်ငံတကာဟာသ၊ နာဇီတို့ကို အလဲထိုးသည့် ဒီ–ဒေးနှစ်ပတ်လည်၊ သမ္မတဟောင်းရေဂင်၏ နောက်ဆုံးခရီး၊ ကမ္ဘာ့စစ်အသုံးစရိတ်၊ ကမ္ဘောဒီးယား ပြည်နယ်သတင်းစာ၊ မီဒီယာအနောက်မိုး၊ ဆော်ဒီရေနံပြဿနာ၊ ကမ္ဘာ့စိန် ဈေးကွက်၊ အာဆီယံ စွမ်းအင်ဖူလုံရေးအလေးပေးချိန် စသည့် သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားသည်။**(မြန်မာ့အလင်း)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်ထဲကဆောင်းရာသီရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှ စတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းက ဒါရိုက်တာ မောင်ဝဏ္ဏ ရိုက်ကူးပြီး သရုပ်ဆောင်လွင်မိုး၊ထွန်းအိန္ဒြာဗို၊ မြတ်ကေသီအောင်နှင့်အိဖြူစိုးတို့ ပါဝင်သရုပ်ဆောင်ထားသည့် ရင်ထဲကဆောင်းရာသီ ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ သက်သာချောင်ချိစွာ ဝယ်ယူသုံးစွဲနိုင်ရန် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များကို ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ချိန်တန်သခိုက် ဥယျာဉ်စိုက်

* ဒို့ရွာကြီးထွက်၊ သစ်သီးပန်းမန်
ဥယျာဉ်ခြံကို၊ ချိန်တန်သခိုက်
အားစိုက်ကြိုးစား၊ ဒို့ရွာသားတွေ
စိုက်ပျိုးလေမှ၊ ပသာဒနှင့်
လှပဥယျာဉ်၊ ဒို့ရပ်ခွင်ဝယ်
တင့်တယ်ထည်ဝါ၊ ဖြစ်ပေါ်လာလိမ့်။

* ကျန်းမာရေးမှာ၊ သွေးလေဖောက်ပြား
ဖြစ်သူများကို၊ စောင့်စားနေလျှင်
ဥယျာဉ်နေရာ၊ မြေဆီလွှာပျက်
ထလျက်ဖုန်းဆိုး၊ ရုပ်ဆိုးကျည်းတန်
အမြန်မကြာ၊ ဖြစ်ပေါ်လာလိမ့်။

* ဒို့ရွာကျက်သရေ
ဖြစ်ထွန်းလေအောင်၊ ဒို့တွေတစ်သိုက်
ချိန်တန်ခိုက်တွင်၊ အားစိုက်ညီညာ
လုပ်ကြပါစို့၊ လုပ်ကြစို့။ ။

နွယ်ချို

အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်ကြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်

ရန်ကုန် ဇွန် ၁၃

အမျိုးသားညီလာခံသို့ တက်ရောက်နေသော ညီလာခံကိုယ်စားလှယ်များသည် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ခန်းများကို ပြုလုပ်လျက်ရှိကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ကုန်ပစ္စည်း အမယ်မျိုးစုံကို "ဝင်းသူဇာ" အရောင်းဆိုင်က ပိတ်ရက်မရှိ နေ့စဉ်ရောင်းချပေးလျက်ရှိသကဲ့သို့ ဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်း (ဂျီအီးစီ) အရောင်းဆိုင်ကလည်း စားကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ် ပစ္စည်းများ၊ စာရေးကိရိယာနှင့်စာနယ်ဇင်းများကို နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ဂရင်းကျန်းမာရေး စောင့်ရှောက်မှု သမဝါယမအသင်းလီမိတက်ကလည်း ဆေးဝါးပစ္စည်းများနှင့် ကျန်းမာရေးပညာပေးစာအုပ်များကို ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာပေဗိမာန်စာအုပ်အငှားဆိုင်ဖွင့်လှစ်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များ လေ့လာဖတ်ရှုနိုင်ရန် ရည်ညွှန်းစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုနှင့် သုတ၊ ရသစာအုပ်များကို ငှားရမ်းပေးသည့်အပြင် စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အရောင်းဆိုင်က သန့်ရှင်းလတ်ဆတ်ပြီး အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ပျားရည်နှင့်ပျားရည်ထွက် ပစ္စည်းများ၊ စည်သွတ်ဘူးများကို ရောင်းချပေးသည်။

အလားတူ အဝတ်လျှော်၊ မီးပူတိုက်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ်စစ်ပွဲနှံ့ထဲ အမေရိကန်ပြည်ထောင်စု နစ်မြုပ်နေ လော့စ်အိန်ဂျလိစ်တိုင်းမ် လူထုသဘောထားစစ်တမ်း၌ဖော်ပြ

လော့စ်အိန်ဂျလိစ် ဇွန် ၁၂

အီရတ်တွင် စစ်ပွဲဆင်နွှဲရန်မှာ တန်တန်ရာရာမရှိကြောင်းနှင့် အမေရိကန်ပြည်ထောင်စုသည် အီရတ်နွံထဲ၌ နစ်မြုပ်နေသည်ဟု ခံစားရကြောင်း အမေရိကန်မဲဆန္ဒရှင် အများစုက ယခုအခါ ပြောဆိုကြကြောင်းကို လော့စ်အိန်ဂျလိစ်တိုင်းမ် လူထုသဘောထားစစ်တမ်းတွင် သောကြာနေ့က ဖော်ပြချက်အရ သိရသည်။

စနေနေ့မှအင်္ဂါနေ့အထိ နိုင်ငံတစ်ဝန်း၌ ပြုလုပ်ခဲ့သော လူထုသဘောထားစစ်တမ်းတွင် မှတ်ပုံတင်မဲဆန္ဒရှင် ၁၂၃၀၏ ၅၃ရာခိုင်နှုန်းက အီရတ်တွင် စစ်ပွဲဆင်နွှဲရန်မှာ တန်တန်ရာရာမရှိကြောင်း ပြောဆိုခဲ့ကြပြီး ၄၃ရာခိုင်နှုန်းက တန်တန်ရာရာရှိသည်ဟု ဆိုကြသည်။ ၄ရာခိုင်နှုန်းက မသိဟုပြောသည်။

နွံနစ်နေ

ထို့ပြင် အယ်လ်အေတိုင်းမ်က အမေရိကန်မဲဆန္ဒရှင် ၃၅ရာခိုင်နှုန်းက အမေရိကန်ပြည်ထောင်စုသည် အီရတ်တွင် တိုးတက်မှုရှိကြောင်းထင်မှတ်ခဲ့ကြပြီး ၆၁ရာခိုင်နှုန်းက အမေရိကန်ပြည်ထောင်စုသည် အီရတ်တွင် နွံနစ်နေသည်ဟု ပြောဆိုကြောင်း ရေးသားဖော်ပြသည်။

အီရတ်ကိုဆင်နွှဲသည့်စစ်ပွဲ တရားမျှတခြင်းမရှိကြောင်း ပြောဆိုကြသူအရေအတွက် များပြားလာလင့်ကစား အီရတ်မှနေ၍ တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရေးကို မဲဆန္ဒရှင်များက ထောက်ခံပြောဆိုခြင်း မပြုခဲ့ဟုဆိုသည်။

အတည်ပြု

ထို့ပြင် လူထုသဘောထားစစ်တမ်းတွင် စစ်ပွဲကို သမ္မတဂျော့ဒဗလျူဘုရှ် ကိုင်တွယ်ဆောင်ရွက်ခြင်းကို မထောက်ခံသည့်အရေအတွက်သည် ၅၅ရာခိုင်နှုန်းရှိခဲ့ပြီး ၄၄ရာခိုင်နှုန်းက အတည်ပြုခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ် အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မှုကို ကန့်ကွက်သည့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ဇွန်၁၂ ရက်က ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မျက်စိခွဲစိတ်ကုသရာတွင် ကူညီပေးခဲ့သူများအား ကျေးဇူးတင် စစ်ပွဲကြောင့် မျက်စိကွယ်ခဲ့ရသည့် အီရတ်ကလေး၏ဖခင်ပြောကြား

တိုကျို ဇွန် ၁၂

အီရတ်နိုင်ငံ၌ လွန်ခဲ့သောလက သေဆုံးခဲ့သော ဂျပန်အလွတ်သတင်းစာဆရာနှစ်ဦး၏ အကူအညီပေးမှုကို အလွန်ကျေးဇူးတင်ရှိကြောင်း မျက်စိတစ်ဖက်ခွဲစိတ်ကုသရန် ဂျပန်နိုင်ငံသို့ ခေါ်ဆောင်ခဲ့သော အီရတ်ယောကျ်ားလေး၏ဖခင်က သောကြာနေ့၌ ပြောကြားလိုက်သည်။

မျက်လုံးတစ်ဖက်၌ ဒဏ်ရာရခဲ့သည့် အသက်(၁၀)နှစ်အရွယ် မိုဟာမက် ဟေသန်ဆလက်ချ်၏ ဝဲဘက်မျက်စိမှာပြန်လည် ကောင်းမွန်လာမည်ဖြစ်ကြောင်း တိုကျိုမြို့ အနောက်ဘက်ရှိဇူအိုကာ၌ ခွဲစိတ်ကုသမှုဆောင်ရွက်အပြီး ဆရာဝန်များက ပြောကြားသည်။

ဆုံးရှုံးခဲ့

မိုဟာမက်သည် ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများတိုက်ပွဲဖြစ်ပွားစဉ် မှန်ကွဲများ မျက်စိထဲ စိုက်ဝင်သွားသဖြင့် ဝဲဘက်မျက်စိတစ်လုံး လုံးဝဆုံးရှုံးခဲ့ရသည်။ ၎င်းသည် လအနည်းငယ်မျှ မျက်မှန်တပ်ထားရပြီး အမြင်အာရုံပြန်လည်ကောင်း မွန်လာမည်ဟု မိနစ် ၃၀ ကြာအောင် ဦးဆောင် ခွဲစိတ်ခဲ့သည့် ကျိုရင်းတက္ကသိုလ် ပါမောက္ခ တက်ဆုယိုဟီဒါက ပြောကြားသည်။

မမေ့နိုင်

ရှင်ဆုကီဟာရီဒါ(၆၁)နှစ်နှင့် ၎င်း၏တူ ကိုတာရိုအိုဂါဝါ(၃၃)နှစ်တို့၏ ကျေးဇူးတရားများကို မည်သည့်အခါမျှ မေ့၍ရနိုင်မည်မဟုတ်ကြောင်း မိုဟာမက်၏ ဖခင်က ထုတ်ဖော်ပြောကြားသည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

အိန္ဒိယတပ်ဖွဲ့ဝင်များ အီရတ်သို့ စေလွှတ်ရေး အိန္ဒိယနိုင်ငံရေး အဖွဲ့အစည်းတစ်ခုကဆန့်ကျင်တုံ့ပြန်

နယူးဒေလီ ဇွန် ၁၂

အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးပါတီအဖွဲ့အစည်းတစ်ခုက အီရတ်ကြားဖြတ်အစိုးရဖွဲ့စည်းဖြစ်ပေါ်လာမှုကို ကြိုဆိုထောက်ခံလိုက်ပြီး အိန္ဒိယနိုင်ငံမှ တပ်ဖွဲ့ဝင်များ အီရတ်သို့ စေလွှတ်ရေး သဘောဆောင်သည့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ ပြောဆိုချက်ကို ဒေါသတကြီးဆန့်ကျင်တုံ့ပြန်လိုက်ကြောင်း သိရသည်။

ပြောကြား

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ ဝါရှင်တန်တွင် မပြတ်သားသောမှတ်ချက်ပြုမှုကို ရှင်းရှင်းလင်းလင်းပြုလုပ်ရမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံးလက်ဝဲယိမ်း နိုင်ငံရေးအဖွဲ့အစည်းတစ်ခုက ပြောကြားသည်။

စောင့်ကြည့်

ဘဂ္ဂဒက်ရှိ အီရတ်အစိုးရအဖွဲ့သစ်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံပေးခဲ့ပြီးနောက် အီရတ်သို့ အိန္ဒိယတပ်ဖွဲ့ဝင်များ စေလွှတ်ရေးကိစ္စရပ်အပေါ် မိမိတို့အစိုးရက စောင့်ကြည့်လျက်ရှိကြောင်း ကြာသပတေးနေ့က ဝါရှင်တန်သို့ အလည်အပတ်ရောက်ရှိစဉ် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နက်ဝါဆင်းရှ်ကပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကက်စ်ဆီနီ အာကာသစူးစမ်းရေးယာဉ် စနေဂြိုဟ်အနီးရောက်ရှိ

ကိုလံဘီယာ ဇွန် ၁၂

စနေဂြိုဟ်ကို လေ့လာရန်အတွက် အဆိုပါဂြိုဟ်နားသို့ နီးကပ်သွားပြီ ဖြစ်သည့် ကက်စ်ဆီနီအာကာသစူးစမ်းရေးယာဉ်ကို နာဆာအဖွဲ့က အနီးကပ် စောင့်ကြည့်လျက်ရှိသည်။ ကက်ဆီနီစူးစမ်းရေးယာဉ်ကို လွှတ်တင်ထားခဲ့ရာတွင် ကီလိုမီတာ ၃ဘီလျံခရီးထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကက်စ်ဆီနီသည် စနေဂြိုဟ်နှင့် ၎င်း၏ ကွင်းများအပြင် ဂြိုဟ်ရန်လများကို လေ့လာမည်ဖြစ်သည်။ ကက်စ်ဆီနီသည် စနေဂြိုဟ်၏ ဂြိုဟ်ရန် တစ်လုံးအနားသို့ ယခုအခါရောက်ရှိနေပြီးနောက် ၁ရက်နေ့ထိ လှည့်ပတ်နေမည် ဖြစ်သည်။ ယခုနှစ်ကုန်တွင် ကက်စ်ဆီနီသည် စနေဂြိုဟ်၏ လ၃၂လုံးထဲမှ တစ်လုံးဖြစ်သည့် တိုင်တန်လ၏ လေထုအတွင်းသို့ စူးစမ်းရေး ယာဉ်ငယ်တစ်ခုကို စေလွှတ်မည်ဖြစ်သည်။

(စီအက်ဖ်အိုင်)

အဘူဂါရိပ်၌ နှုတ်သီးအစွပ်မဲ့ ခွေးများအသုံးပြုပြီး စစ်ဆေးရန် ကန်စစ်ဘက် ထောက်လှမ်းရေးက အမိန့်ပေးခဲ့ဟုဆို

ဝါရှင်တန် ဇွန် ၁၂

အဘူဂါရိပ် အကျဉ်းထောင်၌ အကျဉ်းသားများကို ခြိမ်းခြောက်ရန်အတွက် နှုတ်သီးအစွပ် တပ်မထားသော ခွေးများအား အသုံးပြုရန် စစ်ခွေးထိန်းသူများကို အမေရိကန်ထောက်လှမ်းရေး ပုဂ္ဂိုလ်များက အမိန့်ပေးခဲ့ကြောင်း ဝါရှင်တန်ပို့စ်၌ သောကြာနေ့က ဖော်ပြထားသည်။ စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူများသို့ စစ်ခွေးထိန်းသူများထံမှ ကျမ်းကျိန်အစစ်ခံထွက်ဆိုချက်များကို ရည်ညွှန်းလျက် ဝါရှင်တန်ပို့စ်က ဖော်ပြခြင်းဖြစ်သည်။

ခွေးများကို ထိတ်လန့်ကြောက် ရွံ့မှုကြောင့် အကျဉ်းသားဘယ်နှစ်ယောက် သူ့အလိုအလျောက် ကျင်ငယ်ရည်များစွန့်သည်ကိုကြည့်ရန် ခွေးထိန်းနှစ်ဦး ယှဉ်ပြိုင်ခဲ့ကြကြောင်းလည်း စစ်ဘက်ထောက်လှမ်းရေး စစ်ဆေးမေးမြန်းသူများက စုံစမ်းစစ်ဆေးသူများကို ပြောကြားသည်ဟု ဝါရှင်တန်ပို့စ်က ဖော်ပြသည်။

အဘူဂါရိပ်အကျဉ်းထောင်၌ မတရားနှိပ်စက်ခဲ့မှုများကြောင့် အမေရိကန် တပ်ဖွဲ့ဝင်ခြောက်ဦး စစ်ခုံရုံး၌ တရားရင်ဆိုင်ရဖို့ အလားအလာရှိပြီး တစ်ဦးမှာ ထောင်ဒဏ်တစ်နှစ်ချခံထားရပြီ ဖြစ်သည်။ အဘူဂါရိပ်အကျဉ်းထောင်၌ မတရားနှိပ်စက်သော ဓာတ်ပုံများသည် အကျဉ်းသားများကို လိင်ပိုင်းဆိုင်ရာ အရှက်ရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းခြင်းနှင့် ခွေးများဖြင့် ခြိမ်းခြောက်ခြင်းများပြုသည့် ဓာတ်ပုံများဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမတစ်ခုတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အမေရိကန်စစ်ဘက် သယ်ယူပို့ဆောင်ရေး ယာဉ်တစ်စီးကို ဇွန်၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီကာရာဂွာနိုင်ငံ မာနာဂွာမြို့ အမေရိကန်သံရုံးရှေ့တွင် အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြနေသူများကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲ၌ ပါဝင်ဆင်နွှဲခဲ့သည့်အတွက် ဘလဲ၏ လေဘာပါတီ ကြီးမားစွာပေးဆပ်လိုက်ရ

လန်ဒန် ဇွန် ၁၂

ဒေသရွေးကောက်ပွဲများတွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ လေဘာပါတီသည် အဓိကအတိုက်အခံပါတီကြီး နှစ်ခု၏ အောက်တတိယနေရာသို့ ထိုးကျသွားခဲ့ရာ အီရတ်စစ်ပွဲကိုဆင်နွှဲသည့်အတွက် ကြီးမားသောတန်ဖိုးကို ပေးဆပ်လိုက်ရသည်။

ဝန်ကြီးချုပ်ဘလဲနှင့် သူ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အီရတ်စစ်ပွဲသည် ပြည်သူလူထု၏ ဆန္ဒမဲပေးဆုံးဖြတ်ချက်တွင် အဓိကအချက်ဖြစ်သည်ဟု ဝန်ခံခဲ့ကြသည်။

ပြောကြား

အီရတ်နှင့်ပတ်သက်သော စိုးရိမ်ကြောင့်ကြမှုများသည် မိမိတို့အပေါ် ထောက်ခံမှုကို လွှမ်းမိုးခဲ့သည်ဟု အမေရိကန်ပြည်ထောင်စုတွင် ကျင်းပခဲ့သော ဂျီ–၈ ထိပ်သီးအစည်းအဝေးအပြီး၌ ဘလဲ၏ ပြောကြားချက်ကို စကိုင်းနယူးစ်က ကိုးကားဖော်ပြသည်။

ဝန်ခံ

ဗြိတိသျှယဉ်ကျေးမှုဝန်ကြီး တက်ဆာဂျိုဝဲလ်ကလည်း မိမိ၏ပါတီကို အကြီးအကျယ် ဆန့်ကျင်ကန့်ကွက်သည်မှာ ထင်ရှားခဲ့ကြောင်း သောကြာနေ့၌ ဝန်ခံခဲ့သည်။

ဒေသဆိုင်ရာ ရွေးကောက်ပွဲများတွင် အဓိကအတိုက်အခံ ကွန်ဆာဗေးတစ်ပါတီက ယခုထိ အမတ်နေရာ ၂၁၀ အပိုရခဲ့ပြီး ဒုတိယအတိုက်အခံ လစ်ဘရယ်ဒီမိုကရက်ပါတီက ၁၁၅ နေရာရခဲ့သည်။ လေဘာပါတီသည် အမတ်နေရာ ၄၀၆ နေရာ၌ အရှုံးပေါ်ခဲ့သည်။

စမ်းသပ်

ယခုပြုလုပ်သော ဒေသရွေးကောက်ပွဲများသည် လာမည့် အထွေထွေရွေးကောက်ပွဲကြီး မကျင်းပမီ မဲဆန္ဒရှင်များ၏ သဘောထားအမြင်ကို အကြီးမားဆုံး စမ်းသပ်ချက်ဖြစ်သည်။ သို့ရာတွင် တနင်္ဂနွေနေ့ည၌ ရလဒ်များ ပေါ်ထွက်မလာမချင်း အပြီးသတ်အဖြေသည် ရှင်းရှင်းလင်းလင်းဖြစ်မည်မဟုတ်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်ကြားဖြတ်အစိုးရ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပြောက်ကျားများ၏ လုပ်ကြံခံရမှုကြောင့်သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၂

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဂျက်ဖ်မြို့တွင် ပစ်ခတ်မှုများနှင့် စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲမှုများ ဖြစ်ပေါ်နေပြီး ဘာကူဘာမြို့၌လည်း ဗုံးများပေါက်ကွဲနေခိုက်တွင် အီရတ်နိုင်ငံခြားရေးဌာန ဒုတိယဝန်ကြီး ဘက်စ်ဆမ်ကုဗ်ဘာသည် ဘဂ္ဂဒက်မြို့ရှိ ၎င်း၏ နေအိမ်အပြင်ဘက်တွင် စနေနေ့က လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရသည်။

ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘက်စ်ဆမ်သည် နံနက် ၇ နာရီခွဲခန့်၌ အိမ်မှနေ၍ အလုပ်သို့ထွက်လာစဉ် သူ၏ နေအိမ်အပြင်ဘက်၌ လုပ်ကြံပစ်ခတ်ခံရခြင်းဖြစ်သည်ဟု ဝန်ကြီးဌာန ပြောခွင့်ရှိသူ သာမာအယ်အဇာမီက ပြောကြားသည်။

တစ်ဦးတစ်ယောက်က သူ့အားပစ်ခတ်ခဲ့ကြောင်း၊ သူ့အား အယ်လ်ညျူမာဆေးရုံသို့ ပို့ခဲ့ပြီးနောက် ဆေးရုံ၌ သူသေဆုံးသွားကြောင်း အဇာမီက ပြောကြားသည်။ ကုဗ်ဘာ၏ ကားဒရိုင်ဘာလည်း သေဆုံးသွားကြောင်း ၎င်းက ပြောကြားသည်။

ဇွန်လ ၁ ရက်၌ အိမ်စောင့်အစိုးရ သစ်ကို ထုတ်ပြန်ကြေညာခဲ့ချိန်မှစပြီး ထိပ်တန်းအရာရှိတစ်ယောက် ပထမဆုံး လုပ်ကြံခံရခြင်းဖြစ်သည်ဟု ဆိုသည်။ ကုဗ်ဘာသည် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဒုတိယဝန်ကြီး ဖြစ်သည်ဟု သိရသည်။

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် အမေရိကန်ဦးဆောင်သိမ်းပိုက်မှုနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများကို ဆန့်ကျင်ရာတွင် အီရတ်ရဲအဖွဲ့၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံရေးသမားများကို လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်တောင်ဘက်၌ ကန်စစ်ယာဉ်တန်း ကားဗုံးထိမှန် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၁၂

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တောင်ဘက်ရှိ အဝေးပြေးလမ်းမကြီးတစ်ခုတွင် သောကြာနေ့က အမေရိကန်စစ်ယာဉ်တန်းတစ်ခု ဖြတ်သန်းမောင်းနှင်စဉ် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မိမိတို့တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးမှုမရှိကြောင်း ဒဏ်ရာရရှိခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ တာဝန် ပြန်လည်ထမ်းဆောင်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့တောင်ဘက် ဆာဒီယာအရပ်ရှိ အဝေးပြေးလမ်းမတွင် အမေရိကန်စစ်ယာဉ်တန်း မောင်းနှင်နေစဉ် ရပ်ထားသောကားတစ်စီး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကားဗုံးပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၂၀ မိနစ်တွင် ဖြစ်သည်။

ဖောက်ခွဲ

ထိုသို့ ကားဗုံးပေါက်ကွဲခြင်းမှာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အဆိုပါ အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းကားဗုံးပေါက်ကွဲသည့် နေရာတစ်ဝိုက်တွင် အမေရိကန်စစ်ရဟတ်ယာဉ်နှစ်စင်းက လှည့်လည်ပျံသန်းလျက်ရှိပြီး အမေရိကန်စစ်ယာဉ် ၁၀ စီး ကျော်ဖြင့်လည်းကောင်း အဝေးပြေးကားလမ်းမအား ပိတ်ဆို့ထားသည်။ ထို့အပြင် လူများနှင့် သတင်းထောက်များ လာရောက်ခြင်းကိုလည်း တားဆီးထားကြောင်း ဆင်ဟွာသတင်းထောက်က ပြောကြားသည်။

တိုက်ခိုက်

အီရတ်ပြောက်ကျားတို့သည် အမေရိကန်စစ်ယာဉ်တန်းများကို လမ်းဘေးထောင်ချောက် ဗုံးများ၊ ကားဗုံးများ၊ မြေမြှုပ်မိုင်းများနှင့် ဒုံးပစ်လောင်ချာများဖြင့် မကြာခဏ တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆန္ဒပြ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါကို ထောက်ခံကြောင်း ကြွေးကြော်ကာ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို ဇွန် ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆာဒါစီးတီး၌ကင်းလှည့်စဉ် ကန်တပ်ဖွဲ့ တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇွန် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၏ ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ ညလုံးပေါက် တိုက်ပွဲဖြစ်ခဲ့ရာတွင် အီရတ်ကလေးငယ်နှစ်ဦး သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရခဲ့ကြောင်း ဆရာဝန်များနှင့် အမေရိကန်စစ်ဘက် ပြောကြားချက်အရ သိရသည်။

ကြာသပတေးနေ့ပိုင်း၌ ကလေးနှစ်ဦးနှင့် ဒဏ်ရာရရှိသူ ၂၃ ဦး ဆေးရုံသို့ ရောက်ရှိလာကြောင်း၊ အမျိုးသမီးနှစ်ဦး ပါဝင်ကြောင်း၊ ဆာဒါစီးတီး အထွေထွေဆေးရုံကြီးမှ ဆရာဝန် ဟာဆန်နာဂျင်မ်က ပြောကြားသည်။

အယ်လ်ဆာဒါ သစ္စာခံများဟု ယုံကြည်ရသော ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် ကြာသပတေးနေ့ညတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်ခဲ့ကြသည်ဟု သိရသည်။ **(အင်တာနက်)**

ဂျော်ဒန်နိုင်ငံ၌ သင်တန်းတက်ရောက်နေသော အီရတ်ကျန်းမာရေးဝန်ထမ်းများ သင်တန်းပြီးဆုံး

အမ္မန် ဇွန် ၁၂

အီရတ်နိုင်ငံ၏ သူနာပြုအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ အစီအစဉ် အစိတ်အပိုင်းအဖြစ် ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ သင်တန်းတက်နေကြသော အီရတ်ကျန်းမာရေးဝန်ထမ်း ၂၅ ဦးသည် ၎င်းတို့၏ လေ့ကျင့်သင်ကြားရေးအစီအစဉ်ကို ပြီးဆုံးသွားခဲ့သည်ဟု ဂျော်ဒန် တိုင်းမ်သတင်းစာက ကြာသပတေးနေ့၌ ဖော်ပြလိုက်သည်။

အီရတ် ကျန်းမာရေးဝန်ထမ်းများသည် ဂျော်ဒန် သိပ္ပံနှင့်နည်းပညာ တက္ကသိုလ်တွင် ဒဗလျူအိတ်ချ်အိုနှင့် တက္ကသိုလ်တို့ရရှိခဲ့သော သဘောတူချက်အရ လေ့ကျင့်သင်ကြားခဲ့ကြခြင်း ဖြစ်သည်။

တိုးချဲ့လို

လေ့ကျင့် သင်ကြားခဲ့ကြသော သင်တန်းသားများမှာအီရတ်ကျန်းမာရေးနှင့် အထက်တန်းပညာရေးဝန်ကြီးဌာနများ၊ တက္ကသိုလ်များနှင့် အဖွဲ့အစည်းများမှ ဖြစ်ကြသည်။ သင်တန်းကာလလေးလကို တိုးချဲ့ရန် လိုကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သူနာပြုစနစ်တွင် ဖွံ့ဖြိုးတိုးတက်သော သင်ကြားရေး အစီအစဉ်များသည် အချိန်နှင့် ကြိုးပမ်းမှု ပိုမိုလိုအပ်၍ ဖြစ်ကြောင်း ဂျော်ဒန် သိပ္ပံနှင့်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
အီရတ် မြင်ကွင်း

ဝမ်းနည်းကြေကွဲစွာ ငိုကြွေး

ဘာကူဘာမြို့တွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် သေဆုံးရခဲ့သူ ဆွေမျိုးသားချင်းများအတွက် ဝမ်းနည်း ကြေကွဲစွာ ငိုကြွေးနေသော အီရတ် အမျိုးသမီးကြီး တစ်ဦးကို ဇွန် ၁၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆောက်အအုံ ပျက်စီး

ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား၍ ပျက်စီးခဲ့သော အဆောက်အအုံတစ်ခုကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ဒဏ်ရာရရှိခဲ့သော အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

နာဂျက်ဖ်မြို့၌ တိုက်ပွဲဖြစ်ပွားပြီး ပျက်စီးနေသော မော်တော်ယာဉ်များကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆေးကုသမှုခံယူ

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့အကြား ဘဂ္ဂဒက်မြို့ အယ်လ်ဆာဒါစီးတီး၌ တိုက်ပွဲဖြစ်ပွားရာတွင် ဒဏ်ရာရရှိသည့် အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယာဉ်မီးလောင်

ဘဂ္ဂဒက်မြို့ တောင်ဘက်ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ ဓာတ်ဆီတင်ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် မီးလောင်ကျွမ်းလျက်ရှိသည်ကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်ထားသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလားမြို့အဝင်လမ်းမကြီးကို ဤသို့ ဖြောင့်ဖြူးလှပစွာ တွေ့မြင်ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက် ကျေးရွာတွင် ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ဟန်ပိုကျေးရွာတွင် ကျေးရွာသုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဖောက်လုပ်ထားသော ရေသွယ်မြောင်းကိုတွေ့ရစဉ်။(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ကျေးလက်အိမ်ရာ

ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ပေးထားသော တာစု(ကျခတ်ဝါးရုံ)ကျေးရွာရှိ ကျေးလက်အိမ်တစ်လုံးကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)



စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်းရှိ မဏိပူရမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော ကမ္ဘားနီတံတားကို တွေ့ရစဉ်။

(ကမ္ဘားနီတံတားသည် အရှည်ပေ ၅၉၅ ပေရှိ၍ ကျပ်ငွေသိန်း ၁၄၅၀ အကုန်အကျခံ တည်ဆောက်ထားသောတံတားဖြစ်ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။)

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဗုဒ္ဓရုပ်ပွားတော်တစ်ထောင် ရေဆန်ကျွန်းမြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ကလေးတက္ကသိုလ်သို့ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ် ဦးကျော်ရဲထွန်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ နည်းပြ/သရုပ်ပြများက ကြိုဆိုကြသည်။

ရှေးဦးစွာပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ကလေးတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချနေသော အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်တန်း ကျောင်းသားကျောင်းသူဦးရေ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ သင်တန်းများ၊ ကွန်ပျူတာအလုံး၁၂၀ အသုံးပြု သင်ကြားလျက်ရှိသော IT စာသင်ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားပြီး ဝန်ထမ်းအင်အား၊ သုံးထပ်စာသင်ဆောင်သုံးဆောင်၊ စာသင်ခန်းမကြီးလေးဆောင်၊ တိုးချဲ့စာသင်ဆောင်နှစ်ဆောင် အပါအဝင် တည်ဆောက်ပြီး တက္ကသိုလ်အဆောက်အအုံများနှင့် ဆက်လက်ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်တို့က ကလေးတက္ကသိုလ် ပင်မဆောင်တည်ဆောက်ရေးနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဤတက္ကသိုလ်စတင် အခြေချ ထူထောင်ခဲ့သည့်အချိန် ၁၉၉၃ ခုနှစ်ကတည်းကပင် မိမိရောက်ရှိခဲ့ပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ချင်းပြည်နယ်မှ ကျောင်းသူကျောင်းသားများ လွယ်လင့်တကူ လက်လှမ်းတစ်မီ တက္ကသိုလ်ပညာများသင်ကြားနိုင်ရန် ချင်းပြည်နယ်နှင့် ဆက်စပ်နေသည့် ဤဒေသ၌ ကလေးတက္ကသိုလ်ကို ထူထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊တိုင်းတစ်ခုလျှင် တက္ကသိုလ် တစ်ခုကျစီ ဖွင့်လှစ်ခြင်းမဟုတ်ဘဲ ပြည်နယ်၊ တိုင်းတစ်ခုတည်းမှာပင် လိုအပ်ပါကနှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ လိုလျှင်လိုသလို တက္ကသိုလ်များကို ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ဥပမာ တနင်္သာရီတိုင်း၌ ထားဝယ် တက္ကသိုလ်၊ မြိတ်တက္ကသိုလ်စသည်ဖြင့် ဖွင့်လှစ်ထားသကဲ့သို့ ရှမ်းပြည်နယ်၌လည်း တောင်ကြီးတက္ကသိုလ်၊ လားရှိုးဒီဂရီကောလိပ်၊ ကျိုင်းတုံဒီဂရီကောလိပ်၊ ပင်လုံတက္ကသိုလ်တို့ကို လိုအပ်ချက်အပေါ် လိုအပ်သလို ထူထောင်ဖွင့်လှစ်ပေးထားခြင်းဖြစ်ရာ ပြည်နယ်၊ တိုင်းတစ်ခုအတွင်း၌ပင် တက္ကသိုလ်တစ်ခုတည်းမက ရှိနေမှုများကို တွေ့မြင်နိုင်ကြောင်း။

မျှမျှတတဆောင်ရွက်

မိမိတို့နိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားညီအစ်ကိုများ ချစ်ချစ်ခင်ခင် စုစုစည်းစည်း နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုအစဉ်အလာရှိခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်ခုဖြင့် ဖွဲ့စည်းထူထောင်ထားပြီးသော ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုးနွယ်စုအားလုံး၏ အကျိုးစီးပွားကို မျှမျှတတမှန်မှန်ကန်ကန် ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ လူမျိုးတစ်မျိုး၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ဖွဲ့တို့အတွက်ကိုသာ အလေးထားခွဲခြား ဆောင်ရွက်ခြင်းမျိုးမဖြစ်သင့်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန်တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို သတ်မှတ်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့် ကဏ္ဍအလိုက် တိုးတက်ဖြစ်ထွန်းရေးကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကလေးတက္ကသိုလ်သည်လည်း ချင်းပြည်နယ်နှင့် ကလေးဒေသအတွက် အခြားတက္ကသိုလ်များနည်းတူ အဆင့်အတန်းရှိသည့် တက္ကသိုလ်ကြီးဖြစ်အောင် မိမိတို့အားလုံး ဝိုင်းဝန်းပျိုးထောင်ကြရမှာဖြစ်ကြောင်း။

ဤနေရာ၌ မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် စနစ်တကျကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်၏ရှေ့ဆက်

ပြည်သူတစ်ဦးချင်း၏ ဆန်စားသုံးနှုန်းသည် အရှေ့တောင်အာရှတွင် အ
တစ်ကောအထွက်နှုန်း တိုးအောင်ဆောင်ရွက်မှ ပြည်တွင်းစားသုံးရန်သာ

လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ် (၇)ရပ်အကောင်အထည်ဖော်ရာတွင် ယနေ့ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားညီလာခံသည် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ပထမဆုံး အဆင့်ဖြစ်သကဲ့သို့ အရေးကြီးဆုံး အဆင့်လည်းဖြစ်ကြောင်း၊ ယင်းညီလာခံ၌ ပြည်နယ်၊တိုင်းများအလိုက် တိုင်းရင်းသားကိုယ်စားလှယ် များရော လူထုလူတန်းစားကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်လျက်ရှိကြကြောင်း၊ ယင်းညီလာခံကြီး အောင်မြင်ရေးအပါအဝင် မူဝါဒလမ်းစဉ် (၇)ရပ်စလုံး အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် တက္ကသိုလ် ဆရာ ဆရာမများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်၏ ဘာသာရပ်အလိုက် သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များကို ကြည့်ရှုကြရာ သုတေသနစာတမ်းရှင်များက မိမိတို့ သုတေသနပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်၏ e-Education Resource Centre, e-Education Learning Centre, Computer Training Centre နှင့် Language Lab တို့၌ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေး စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကလေးတက္ကသိုလ် ပင်မဆောင်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များနှင့်အတူ ကလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့်အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ခန်းမကြီးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းက ကလေးမြို့ ပြည်သူ့ဆေးရုံ၏နောက်ခံသမိုင်း၊ အထူးကုဆရာဝန်ကြီးများ ခန့်ထားမှုအခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊ ခေတ်မီဆေးရုံသုံး စက်ကိရိယာများ ဖြည့်ဆည်းပေးထားမှုအခြေအနေ၊ အထူးကုဆရာဝန်ကြီးများ နယ်လှည့် ကွင်းဆင်းကုသခြင်းလုပ်ငန်း၊ ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ထားမှု အခြေအနေ၊ ကလေးမြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံ တိုးချဲ့တည်ဆောက်ရေး အစီအစဉ်အရ တိုးချဲ့နှစ်ထပ်လူနာဆောင်(A)၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်းအပါအဝင် တည်ဆောက်ပြီး အဆောက်အအုံများ၊ တည်ဆောက်ဆဲ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးလက်အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာသော မြို့ဖြစ်ရေးအတွက် နီးနွယ်ဆက်စပ်မှုရှိသော သက်ဆိုင်ရာဌာနများ လက်တွဲပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။
(သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(ကလေး)သို့ရောက်ရှိကြရာ ကျောင်းအုပ် ဦးမျိုးမင်းထွန်းနှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အရည်အချင်းပြည့်ဝသော နည်းပညာဆိုင်ရာပညာရှင်များ ပြုစုပျိုးထောင်ရေး ဆောင်ရွက်နေမှုနှင့် ကောလိပ်ပင်မဆောင် ဆောက်လုပ်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

[...]တောင်အာရှတွင် အများဆုံးဖြစ်၍ ဆန်စပါးတိုးချဲ့ထုတ်လုပ် [...]င်းစားသုံးရန်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်

ထို့နောက် အိုလံပစ်ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းက အစိုးရနည်းပညာကောလိပ်(ကလေး)၏ သုံးထပ်ပင်မဆောင်ကို ခေတ်မီခိုင်ခံ့သပ်ရပ်သည့် အဆောက်အအုံအဖြစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရနည်းပညာကောလိပ် (ကလေး) ကျောင်းအုပ် ဦးမျိုးမင်းထွန်းက ကောလိပ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ ကောလိပ်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းကာလနှင့် ချီးမြှင့်မည့် ဒီပလိုမာနှင့် ဘွဲ့များ၊ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းများ၊ ကျောင်းသား ကျောင်းသူအင်အား၊ သင်ကြားစီမံဝန်ထမ်းဦးရေ၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နည်းပညာကောလိပ်များက လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အတတ်ပညာရှင်များသည် အရည်အချင်းပြည့်ဝသော အတတ်ပညာရှင်များဖြစ်လာရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်ပေးရေး မှာကြားသည်။

ဆက်လက်၍ အစိုးရကွန်ပျူတာ ကောလိပ်(ကလေး)တာဝန်ခံကျောင်းအုပ် ဒေါ်အေးအေးသိန်းက ကောလိပ် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ပေးအပ်မည့်ဘွဲ့များ၊ ဘွဲ့လွန်ဒီပလိုမာများ၊ ဆရာ ဆရာမအင်အား၊ ကျောင်းသား ကျောင်းသူအရေအတွက်၊ သင်တန်းကာလနှင့် သင်တန်းပို့ချမည့် အစီအစဉ်၊ သင်ကြားရေး သင်ထောက်ကူပစ္စည်းများ၊ တည်ဆောက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဆင့်မီ ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးနေမှုနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အစိုးရကွန်ပျူတာကောလိပ်(ကလေး)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အစိုးရကွန်ပျူတာကောလိပ် (ကလေး) အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစိုးရနည်းပညာကောလိပ် (ကလေး)၏ သုံးထပ်ပင်မအဆောက်အအုံပုံစံငယ်နှင့် တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကလေးမြို့ အောင်ဆန်းခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်က ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ခရိုင်အတွင်း မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများဖွဲ့စည်းမှု၊ အိမ်ထောင်စုနှင့် လူဦးရေ၊ မိုးစပါးအပါအဝင် မိုးသီးနှံ၊ ဆောင်းသီးနှံ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် ဆီဖူလုံမှုအခြေအနေ၊ စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ထားမှုနှင့် ပညာရေး၊ ကျန်းမာရေး၊ ဆည်မြောင်းလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

လိုအပ်သည်များဖြည့်ဆည်းပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် လုပ်ငန်းလိုအပ်ချက်များကို မေးမြန်း စိစစ်ဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားရာတွင် မိမိနှင့်အဖွဲ့သည် ယနေ့ကလေးမြို့သို့ရောက်ရှိပြီး ချင်းပြည်နယ် ကျီးခါး၊ ရိဒ်နှင့် တီးတိန်ဒေသသို့ ဆက်လက်ထွက်ခွာရန်အစီအစဉ်ရှိသော်လည်း ရာသီဥတုအခြေအနေမပေးသဖြင့် ကလေးမြို့၌ ထူထောင်ဖွင့်လှစ်ထားသော ကလေးတက္ကသိုလ်၊ ကလေးပြည်သူ့ဆေးရုံနှင့် ကလေးနည်းပညာကောလိပ်များသို့ လှည့်လည်သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ဒေသခံများနှင့် တွေ့ဆုံပြီး ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပေးရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ယနေ့ ကလေးခရိုင်၏တင်ပြချက်များအပေါ် လိုအပ်သည်များကိုလည်း အတတ်နိုင်ဆုံး စိစစ်ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း၊ ဤဒေသအတွက် အရေးပါသော မြစ်သာမြစ်ကူးတံတား ဖွင့်ပွဲကိုလည်း မိမိတို့ တက်ရောက်ကြမှာဖြစ်ကြောင်း။

ကလေးဒေသသည် ချင်းပြည်နယ်၏ တံခါးဝဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံသို့ထွက်ပေါက်လည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အချက်အချာကျသောဒေသဖြစ်ကြောင်း၊ ထို့ပြင် ကလေးချိုင့်ဝှမ်းဒေသသည် စိုက်ပျိုးရေးအတွက် ရေခံမြေခံကောင်းမွန်သည့်ဒေသဖြစ်၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအားကောင်းပြီး ဆန်ပိုလျှံသော ဒေသလည်းဖြစ်သောကြောင့် ချင်းပြည်နယ်အတွက် လိုအပ်သော စားနပ်ရိက္ခာကို ဤဒေသက ပံ့ပိုးထောက်ပံ့လျက်ရှိကြောင်း။

မိမိဒေသအတွက် ဆန်စပါးဖူလုံရုံသာမက ပိုလျှံနေသည်ဆိုပြီး ကျေနပ်နှစ်သိမ့်နေ၍မဖြစ်ဘဲ ပိုမို ပိုလျှံသည်ထက် ပိုလျှံအောင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို တိုးမြှင့်ရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိဒေသနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်ဒေသကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း ပိုမိုအကျိုးပြုနိုင်မှာဖြစ်ကြောင်း။

တိုးချဲ့ထုတ်လုပ်

မိမိနိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအရ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိသော်လည်း ပြည်ပသို့တင်ပို့နိုင်သည်အထိ ပိုလျှံမှု မရှိသေးကြောင်း၊ ထို့ကြောင့် ဆန်စပါးသည် နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေ အဓိကရှာဖွေပေးသော သီးနှံမဖြစ်သေးကြောင်း၊ ထို့ပြင် မိမိနိုင်ငံရှိ ပြည်သူတစ်ဦးချင်း၏ ဆန်စားသုံးမှုနှုန်းသည် အရှေ့တောင်အာရှနိုင်ငံများ၌ အများဆုံးဖြစ်နေရာ ဆန်စပါးကို ဖြစ်နိုင်သမျှ တိုးချဲ့ထုတ်လုပ်နိုင်ရန် လိုအပ်နေသေးကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသအလိုက် ဆန်စပါးပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှသာ ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချလာနိုင်မှာဖြစ်ကြောင်း။

ဤနေရာ၌ စိုက်ပျိုးသူ တောင်သူလယ်သမားများသာမက စိုက်ပျိုးရေးနှင့် ဆက်စပ်တာဝန်ရှိသော မိမိတို့ နိုင်ငံ့ဝန်ထမ်းအားလုံးကလည်း စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီအားပေးလုပ်ဆောင် ရမှာဖြစ်သကဲ့သို့ စိုက်ဧက၊ အထွက်နှုန်း စသည့် လယ်ယာကိန်းဂဏန်းများ တိကျမှန်ကန်စွာ ပြုစုရေးလုပ်ငန်းကိုလည်း အလေးထားရန်လိုကြောင်း။

စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏စပါးကျီဖြစ်ရန် မိုးစပါးစိုက် ဧကကို ဧကသိန်း ၂၀ အထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းချက်ပေးထားပြီးဖြစ်ရာ ယင်းရည်မှန်းချက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုတိုးတက်မှသာ စီးပွားရေးဘဝ တိုးတက်မြင့်မားမှာဖြစ်၍ အောက်ခြေကျေးရွာများအထိ ကွင်းဆင်းကြပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပေးကြရန်လိုကြောင်း၊ အထူးသဖြင့် မြို့နယ်အဆင့်သည် အခြေခံအကျဆုံးအဆင့်ဖြစ်၍ မြို့နယ်အဆင့်ရှိ နိုင်ငံ့ဝန်ထမ်း အားလုံးက လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဝီရိယအားအပြင် စေတနာအားပါပေါင်းစပ်၍ ထိထိမိမိ လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း။

လက်တွဲပူးပေါင်း

နိုင်ငံတော်အပိုင်းက လိုအပ်သော ဆည်တမံအပါအဝင် စီးပွားရေး အခြေခံများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံများ၊ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစာသင်ကျောင်းများမှအစ တက္ကသိုလ်/ကောလိပ်အထိ ရင်းနှီးမြှုပ်နှံ ထူထောင်ပေးထားပြီဖြစ်၍ ကလေးခရိုင် တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံပြည်သူများကပါ မိမိတို့၌လည်း တာဝန်ရှိသည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်းအားထုတ်သွားကြရန်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကလေးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်းတို့အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကလေးမြို့ စက်မှုဇုန်သို့ရောက်ရှိရာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များနှင့် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များက ကြိုဆိုကြသည်။

ကလေးစက်မှုဇုန်

အစီအစဉ်အရ ကလေးစက်မှုဇုန်ခန်းမ၌ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်က ကလေးစက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်မှုဇုန်မြေကွက်များဖော်ထုတ်ခြင်းနှင့် စက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးခြင်း၊ကလေးစက်မှုဇုန်က မော်တော်ယာဉ်ပုံစံအမျိုးမျိုးထုတ်လုပ်ခြင်း၊ ရေအားလျှပ်စစ်တာဘိုင်များထုတ်လုပ်ခြင်း၊ လယ်ယာသုံးပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းက ကလေးစက်မှုဇုန်မှ မောင်မြန်မာစူပါဂျစ်၊ တံခါးနှစ်ပေါက်၊ တံခါးလေးပေါက် လူစီးဂျစ်များထုတ်လုပ်မှု၊ ရောင်းချရမှု၊ကုန်ချိန် ၁၀ တန် တင်ဆောင်နိုင်သည့် ကုန်တင်ယာဉ်နှင့် ဘတ်စ်ကားတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေအားလျှပ်စစ်တာဘိုင်များ ထုတ်လုပ်သုံးစွဲမှု၊ လယ်ယာသုံးပစ္စည်းများနှင့် စက်မှုအထွေထွေပစ္စည်းများ တပ်ဆင် ထုတ်လုပ်ရောင်းချမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့စက်မှုဇုန်ထုတ် ပစ္စည်းပြခန်း၌ ခင်းကျင်းပြသထားသော မောင်မြန်မာစူပါဂျစ်၊ တံခါးနှစ်ပေါက်၊ တံခါးလေးပေါက် လူစီးဂျစ်များ၊ အထွေထွေသုံးစက်ပစ္စည်း ကိရိယာများနှင့် လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုကြပြီး ကလေးစက်မှုဇုန်မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ရုပ်ပွားတော်ဖူးမြော်

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ စကားလှမ္မာရုံကျောင်းတိုက်သို့ သွားရောက်ကြပြီး စကားလှဘုရားနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စကားလှမ္မာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ရာဇိန္ဒအမှူးပြုသော ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ၊ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စကားလှဘုရားအတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်တစ်ထောင် ရေဆန်ကျွန်းမြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရေးရာ ဖြည့်ဆည်း ဆောင်ရွက်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကလေးတက္ကသိုလ်တွင် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

14-6 (09).p65 2 03/24/1905, 4:31 PM

အလိုတော်ပြည့် ဆရာတော် ချီးကျူးပူဇော်

ရန်ကုန် ဇွန် ၁၃

ပြည်တွင်း၊ ပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယဝံသအား ချီးကျူးပူဇော်ပွဲကို ဇွန် ၉ ရက် နံနက်၁၀နာရီက အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အလိုတော်ပြည့် ဗောဓိသုခပရဟိတကျောင်းတိုက်၌ အဆိုပါကျောင်းတိုက်မှ ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒောဘာသာ (Ph.D) ဦးစီးပြီး ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

ကမ္ဘာ့သွေးလှူရှင်များနေ့

ဒေါက်တာ တင်ညွန့် ညွှန်ကြားရေးမှူး (စာတတ်ခွဲ)

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော လူတို့၏အသက်ကို သွေးနှင့် သွေးပစ္စည်းများပေးသွင်းခြင်းဖြင့် ကယ်တင်လျက်ရှိပါတယ်။ သွေးလှူရှင်များစွာဟာ စေတနာအပြည့်နဲ့ မည်သည့်လက်ဆောင်ပဏ္ဏာ ငွေကြေးကိုမျှ မမျှော်ကိုးပဲ လှူခဲ့ကြတဲ့အပြင် မိမိသွေးကို လက်ခံလိုက်တဲ့ လူနာကိုတောင် တွေ့မြင်ကြရဖို့ အခွင့်အလမ်း အထူးနည်းပါးလှပါတယ်။

သို့သော်လဲ လူနာများဟာ ရာနှုန်းပြည့် သွေးကောင်းသွေးသန့် အစဉ်အမြဲရရှိနေတယ်လို့ အာမမခံနိုင်သေးတဲ့အချိန် ဖြစ်ပါတယ်။ နှစ်စဉ်ကမ္ဘာတစ်ဝန်းလုံး သွေးယူနစ်သန်းပေါင်း ၈၀လောက် လှူဒါန်းနေကြတဲ့အထဲမှာ ဖွံ့ဖြိုးဆဲတိုင်းပြည်များက ၃၈ရာခိုင်နှုန်း၊ ဖွံ့ဖြိုးပြီး တိုင်းပြည်များက ၈၂ရာခိုင်နှုန်း ရှိတယ်လို့ စာရင်းဇယားများအရ သိရပါတယ်။ ဒါ့အပြင် အချို့သော တိုင်းပြည်များမှာ လူနာအနေနဲ့ သူ့ရဲ့ဆွေမျိုးသားချင်း၊ မိတ်ဆွေထံမှ သွေးရရှိတာ၊ အချို့ ငွေပေးပြီးဝယ်ရတာတွေ ရှိနေပါသေးတယ်။

ဒါကြောင့် သုတေသနပြုချက်များအရ စေတနာအလျောက် လာရောက်လှူဒါန်းသူ သွေးလှူရှင်များသာလျှင် လုံခြုံစိတ်ချရသော သွေးကောင်းသွေးသန့်ပိုင်ရှင်များ ဖြစ်ကြပါတယ်။ လုံခြုံစိတ်ချရသော သွေးကောင်းသွေးသန့်ကသာ အလွန်ကြောက်စရာကောင်းအောင် အသက်အန္တရာယ်ပေးတဲ့ HIV နဲ့ အသားဝါ အသည်းရောင် ရောဂါပိုးများ၊ ကူးစက်ခြင်းဘေးမှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ စေတနာရှင် သွေးလှူရှင်ပုဂ္ဂိုလ်များကို အကြောင်းပြုပြီး ကမ္ဘာ့သွေးလှူရှင်များနေ့ရယ်လို့ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ဆေးပညာလောကရဲ့ ပထမဆုံးမှတ်တမ်းတင်ထားတဲ့ သွေးသွင်းမှုကို ၁၆၆၅ခုနှစ်မှာ ခွေးအချင်းချင်းမှာ ပြုလုပ်ခဲ့ရာ အောင်မြင်မှု မရရှိခဲ့ပါဘူး။ သို့သော်လဲ ပထမဆုံးသော အသက်ရှင်ခွင့်ရတဲ့ သွေးသွင်းကုသမှုကို တွေ့ကြုံခဲ့သူကတော့ ၁၈၈၀ခုနှစ်ထဲမှာ အင်္ဂလန်နိုင်ငံမှ သားဖွားမီးယပ်ပါရဂူကြီး Dr. Janes Bundell ဖြစ်ပါတယ်။

၁၉၀၁ ခုနှစ်ထဲမှာပဲ Karl Landsteiner ဆိုတဲ့ ဆေးပညာရှင်ကြီးက သွေးအုပ်စုများဖြစ်တဲ့ A,B,O ကို ရှာဖွေတွေ့ရှိပြီးနောက်ပိုင်း A,B,O သွေးအုပ်စုတူသူများကိုသာ သွေးသွင်းကုသမှုပြုခဲ့တဲ့အတွက် အသက်သေဆုံးမှုနည်းစပြုလာပါတယ်။ အဲဒီလိုစွမ်းဆောင်မှုများကြောင့်ပဲ Karl Landsteiner ဟာ ဆေးပညာဆိုင်ရာ နိုလ်ဘယ်ဆု ရရှိခဲ့တာဖြစ်ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ သိပ္ပံပညာရှင်များရဲ့ အဆင့်ဆင့်သုတေသနပြုမှုများကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းကစပြီး သွေးသွင်းကုသမှုမှ အောင်မြင်တွင်ကျယ်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ် မေလ ၂၉ ရက်နေ့က ကျင်းပခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံရဲ့ Resolution WHA 28.72 မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ အနေနဲ့ သွေးသွင်းကုသမှု သွေးဘဏ်လုပ်ငန်းကိုတိုးမြှင့်ပြီး အထောက်အပံ့ပေးဆောင်ရွက်ကြဖို့ အတိအလင်းဆိုခဲ့ပါတယ်။

သို့သော်လဲ ၁၉၈၀ ပြည့်လွန်နှစ်များရောက်တဲ့ အချိန်မှာ သွေးသွင်းကုသမှုကို အဟန့်အတားဖြစ်စေခဲ့တာကတော့ ရောဂါဆိုးကြီးဖြစ်တဲ့ ခုခံအားကျဆင်းမှုရောဂါနှင့် အသည်းရောင် ဘီနှင့် စီရောဂါစတာတွေ ပေါ်ပေါက်လာတဲ့အခါမှာ သွေးသွင်းကုသမှုကြောင့် အသက်ရှင်နိုင်ခြင်း၊ အသက်ဆက်နိုင်ခြင်းရှိသလို အပြစ်ကင်းတဲ့ မိသားစုကိုလဲ ဒုက္ခပေးနိုင်ခြင်းရှိတယ်ဆိုတာ မျက်ဝါးထင်ထင်တွေ့မြင်လာခဲ့ရပြီး ဖြစ်ပါတယ်။ သွေးကိုတစ်ကြိမ်တစ်ခါတည်း စမ်းသပ်စစ်ဆေးရုံမျှနဲ့ ရောဂါဆိုးများရဲ့အန္တရာယ်ကို အပြည့်အဝကာကွယ်နိုင်ခြင်းမရှိဘူး ဆိုတာ သိရှိလာရပါတယ်။ တစ်နည်းအားဖြင့် သွေးသန့်မသန့်ဆိုတာဟာလဲ သွေးလှူဒါန်းသူရဲ့ နေထိုင်မှုအကျင့်စရိုက်နဲ့ တိုက်ရိုက်ဆက်သွယ်နေတာမို့ အထူးအရေးကြီးလာပြီ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့မှာ ကမ္ဘာ့သွေးလှူရှင်များကို ဂုဏ်ပြုစေလိုခဲ့တဲ့ ရည်ရွယ်ချက်နဲ့ Blood Saves Lives, Safe Start With Me **"သန့်စင်သွေးအစ မိမိက သက်ပေါင်းများစွာကယ်တင်ရ"** ဆိုတဲ့ ဆောင်ပုဒ်နဲ့စတင်ခဲ့ပါတယ်။ ဒါ့အပြင် သွေးဘဏ်လုပ်ငန်းများနဲ့ပတ်သက်ပြီး သင်တန်းများ၊ နည်းစနစ်များ တိုးချဲ့ဆောင်ရွက်စေခဲ့ပါတယ်။

အဲ့ဒီနောက်ပိုင်းမှာ သွေးလှူရှင်များကို ဂုဏ်ပြုချီးကျူး ကျေးဇူးတင်တဲ့အနေနဲ့ **"ကမ္ဘာ့သွေးလှူရှင် အဖွဲ့အစည်းကြီး"** က A,B,O သွေးအုပ်စုများ တွေ့ရှိခဲ့သူ နိုလ်ဘယ်ဆုရှင် Karl Landsteiner ရဲ့ မွေးနေ့ဖြစ်တဲ့ ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် ရွေးချယ်သတ်မှတ်ကျင်းပခဲ့တာဟာ ၁၉၉၅ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ ကမ္ဘာ့သွေးလှူရှင်များနေ့ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူလူထုအတွင်းမှာ စေတနာအပြည့်နဲ့ လာရောက်ပြီး သွေးလှူဒါန်းနိုင်တဲ့ စေတနာသွေးလှူရှင်များ တိုးပွားရေးကို ဘက်ပေါင်းစုံက ဝိုင်းဝန်းကြိုးပမ်း စည်းရုံးဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ရေးပဲဖြစ်ပါတယ်။ ဒီနေ့ဟာ ကမ္ဘာ့သွေးလှူရှင်များနေ့ဖြစ်တဲ့အတွက် ဒီနေ့တစ်ရက်တည်းသာ သွေးလှူဒါန်းခြင်းမျိုးမဟုတ်ဘဲ တစ်နှစ်လျှင်နှစ်ကြိမ်၊ သုံးကြိမ်လောက် ပုံမှန်လှူဒါန်းတဲ့ သူများဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အရွယ်ရောက်တဲ့ လူငယ်လူရွယ်တွေအနေနဲ့ ကောင်းမွန်တဲ့ လူနေမှုအကျင့်စရိုက်တို့ကို ထိန်းသိမ်းပြီး သွေးကောင်းသွေးသန့်ပိုင်ရှင်များအဖြစ် အစဉ်အမြဲတည်တံ့နေအောင် ပုံမှန်စေတနာ သွေးလှူရှင်များဖြစ်အောင် လုပ်ဆောင်ကြဖို့ တိုက်တွန်းထားပါတယ်။

ဒီနေ့ဟာ လူငယ်လူရွယ်များကို အားကိုးအားထားပြုရတဲ့နေ့ဖြစ်ပါတယ်။ လူငယ်လူရွယ်များအနေနဲ့ ကောင်းမွန်တဲ့လူနေမှုအကျင့်စရိုက်နဲ့အညီ ထိန်းသိမ်းနေခဲ့လို့ရှိရင် သွေးမှတစ်ဆင့် ကူးစက်တဲ့ရောဂါများကို စစ်ဆေးရပေမယ်လို့ လုံခြုံစိတ်ချမှု ရာခိုင်နှုန်းများပါတယ်။ သွေးကောင်းသွေးသန့်ဆိုတာဟာ သွေးကောင်း သွေးသန့်ရှိတဲ့ သွေးလှူရှင်များထံမှ ရရှိတာဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ သွေးလှူရှင်အသင်းများနဲ့ သွေးလှူရှင်အဖွဲ့များ International Federation of Blood Donor, Federation of Red Cross and Red Crescent Societies and International Societies of Blood Transfusion စတဲ့ အသင်းအဖွဲ့တွေဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီး စေတနာ သွေးလှူရှင်တိုးပွားရေးကို သတင်းမီဒီယာအလွှာအသီးသီးကနေ၍ လှုံ့ဆော်ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် စေတနာသွေးလှူရှင်များ တိုးပွားလာအောင် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

ယခု ၂၀၀၄ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ရဲ့ ဆောင်ပုဒ်ကတော့ Blood A Gift For life. Thank you. **"အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ"** ဖြစ်ပြီး မြန်မာနိုင်ငံမှာလဲ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ဇွန်လ ၁၄ရက်နေ့မှာ ကျင်းပမှာဖြစ်ပါတယ်။

တကယ်တော့ သွေးလိုအပ်လို့သေခြင်းတရားနဲ့ ရင်ဆိုင်အပြိုင်တိုက်ပွဲဝင်နေတဲ့ လူနာများစွာဟာ စေတနာသွေးလှူရှင်များရဲ့သွေးကို စောင့်ဆိုင်းလျက်ရှိပါတယ်။ ကင်ဆာဝေဒနာရှင်တွေ၊ နှလုံးခွဲစိတ်ကုသမည့်လူနာတွေ၊ မီးလောင်ခံထားရတဲ့လူနာတွေ၊ မီးယပ်သားဖွားဆိုင်ရာလူနာတွေ၊ ထိခိုက်ဒဏ်ရာရသူတွေ၊ သွေးမတိတ်ရောဂါဝေဒနာရှင်တွေနဲ့ အခြားသွေးလိုအပ်နေတဲ့ ဝေဒနာရှင်တွေအတွက် သွေးဌာန၊ သွေးဘဏ်လုပ်ငန်းများက အချိန်မီ သွေးပေးနိုင်ဖို့ အထူးကြပ်မတ် စီစဉ်ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ ယခုလိုအချိန်မှာ သွေးဘဏ်လုပ်ငန်းရဲ့ ပင်မကြောရိုးအဖြစ် မှီခိုအားထားရတာဟာ ကျွန်တော်တို့ရဲ့စေတနာသွေးလှူရှင်များပဲ ဖြစ်ပါတယ်။ သွေးလှူရှင်များအနေနဲ့ မိမိတို့ရဲ့သွေးကို အစဉ်အမြဲ သန့်နေအောင် ကောင်းမွန်ဆီလျော်တဲ့ လူနေမှုစရိုက်နှင့်အညီ ကျင့်သုံးနေထိုင်ဖို့ တိုက်တွန်းလိုပါတယ်။ တစ်ဆက်တည်းမှာပဲ သွေးလှူရှင်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေနဲ့ စေတနာသွေးလှူရှင်များ တိုးပွားလာပြီး သွေးကောင်းသွေးသန့် အစဉ်အမြဲရှိတဲ့ သွေးလှူရှင်များ တိုးပွားလာရေးတို့အတွက် စည်းရုံးလှုံ့ဆော်ပြီး **"ကမ္ဘာ့သွေးလှူရှင်များနေ့ကို"** ကြိုဆိုကြပါစို့ ...။ ။

ဂျပန်နိုင်ငံ Myanmar°°Japan Relation Center ၏ ဖိတ်ကြားချက်အရ တိုကျိုမြို့နှင့် အိုဆာကာမြို့များ၌ ကျင်းပခဲ့သည့် Business Messe 2004 Osaka သို့ သွားရောက်ခဲ့ကြသော မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်း အမှုဆောင် ဒေါ်ပွင့်ဖြူတင်ထွန်း ခေါင်းဆောင်သည့် အဖွဲ့ဝင် ၂၅ဦးတို့ ဇွန်၈ရက်က ပြန်လည် ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (က-ပ)

နှစ်ဖက်မိဘများအား ရည်စူး၍ လှိုင်သာယာမြို့ (၉)ရပ်ကွက် ဘားအံလမ်း ၂၆၉(ခ)နေ ဦးစိုးမြင့်-ဒေါ်သန်းသန်းဝေ မိသားစုက မိုးကုတ်ဝိပဿနာ နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကေသဝ (ပျော်ဘွယ်)အရှင်သူမြတ်အား သာသနာပြုလုပ်ငန်းဆောင်ရွက်ရန် အတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို ဇွန် ၉ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အကျိုးဆောင်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့သို့ မိမိကိုယ်တိုင်လည်းလှူဒါန်းပြီး သဒ္ဓါကြည်လင် အလှူရှင်များကိုလည်း လှူဒါန်းနိုင်အောင် လုပ်အားဒါနဖြင့် အကျိုးဆောင်ပေးခဲ့ကြသော စေတနာရှင် အကျိုးဆောင်များအား ပဉ္စမအကြိမ် ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားပြီး စေတနာရှင် အကျိုးဆောင်များအား နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက တစ်ဦးချင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏သားသမီးများအား ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့်စာအုပ်၊ စာရေးကိရိယာပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၁ရက်က ကျောက်တံတားမြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေမောင်းက ဝန်ထမ်းများကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူး ဦးသက်နိုင်အားပေးအပ်စဉ်။ (က-ပ)

ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက အမှတ်(၆၅) ဆရာစံလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) သင်တန်းကျောင်းခန်းမ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းနှင့်ဇနီး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများနှင့်မိသားစုဝင် သားသမီး ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီးတို့က ဝန်ထမ်းသားသမီးများအား ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့သွေးလှူရှင်များနေ့
(၁၄–၆–၂၀၀၄)
World Blood Donor Day
(14-6-2004)

အသက်သခင် သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ

Blood, a gift for life. Thank you.

ကျန်းမာရေးဝန်ကြီးဌာန

✻ *ကျောဖုံးမှ*

ဒေါက်တာသီတာအောင်က "သွေးကင်ဆာရောဂါ ခံစားနေရသူ ဝေဒနာရှင်များ၊ ခွဲစိတ်ကုသမှုခံယူနေသူ လူနာများ၊ မီးလောင်ခံထားရသူလူနာများ၊ ထိခိုက်ခံရသူ လူနာများ၊ မွေးရာပါ သွေးမတိတ်သူ ဝေဒနာရှင်များ အသက်ရှင်ရေးဟာ သွေးပင်ဖြစ်ပါတယ်။ သေခြင်းတရားနှင့် ရင်ဆိုင်တိုက်ခိုက်နေရသော လူနာများ၊ ဝေဒနာရှင်များ သွေးကို စောင့်ဆိုင်းနေကြတယ်။ လူနာများ အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းက

"သွေးကင်ဆာ ခံစားနေသူများ၊ နှလုံးခွဲစိတ်ထားသူများ၊ မီးလောင်ခံ လူနာများ၊ ထိခိုက် ဒဏ်ရာရသူများ၊ မွေးရာပါ သွေးမတိတ်ရောဂါရှင်များဟာ သေခြင်းတရားနဲ့ ရင်ဆိုင်နေရပါတယ်။ အသက် ရှင်ဖို့ အတွက် တူညီတဲ့ သွေးအုပ်စုရဖို့ လိုပါတယ်"



ဒေါက်တာသီတာအောင်
သွေးလှူဘဏ်တာဝန်ခံ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

အုပ်စုတူညီတဲ့ သွေးရနိုင်၊ မရနိုင်ပေါ် မူတည်နေပါတယ်။ ဝေဒနာရှင်များ အသက်ရှင်ရေးအတွက် စေတနာ သွေးလှူရှင်များအပေါ် မှီခိုအားထားနေရပါတယ်။

အသက်ကယ်နိုင်

သွေးလှူဒါန်းခြင်းအားဖြင့် လူသားအသက်ကိုကယ်တင်နိုင်ပါတယ်။ ပေးစွမ်းနိုင်စွမ်းရှိသူ၊ စွန့်လွှတ်ရဲသူမှာ စေတနာသွေးလှူရှင်များပင် ဖြစ်ပါတယ်။ မိနစ်အနည်းငယ်သာကြာပြီး ရိုးစင်းလွယ်ကူလှတဲ့ သွေးလှူရှင်များရဲ့ မေတ္တာစွမ်းရည်ဟာ သွေးအရေးတကြီး လိုအပ်နေသူများအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်မွန်ဖြစ်ပါတယ်။

သွေးလှူနိုင်သူများ

သွေးလှူဒါန်းမယ်ဆိုရင် သွေးလှူရှင်ဟာ အသက် ၁၈နှစ်က ၅၅နှစ်အတွင်းမှာ ရှိရပါမယ်။ ကျန်းမာရေးလည်းကောင်းရပါမယ်။ သွေးဆက်လက်လှူဒါန်းဖို့ဆန္ဒရှိပြီး စေတနာထက်သန်သူများ အသက်ကန့်သတ်ချက်ကို လျှော့ချနိုင်ပါတယ်။ ကိုယ်အလေးချိန်မှာ အမျိုးသားများ ပေါင် ၁၁၀အထက်၊ အမျိုးသမီးများ ပေါင် ၁၀၀အထက်ရှိရပါမယ်။ လတ်တလောနာစေး၊ ချောင်းဆိုးလို့ ရောဂါခံစားနေပြီး ပဋိဇီဝဆေးတစ်ခုခု သောက်သုံးနေရသူဆိုရင် သွေးမလှူရပါဘူး။ လွန်ခဲ့တဲ့ ခြောက်လကာလအတွင်း ဆေးမင်ကြောင်ထိုးထားသူ၊ ဆေးအပ်စိုက်သူ၊ နားဖောက်ထားသူ၊ လွန်ခဲ့တဲ့ တစ်နှစ်အတွင်းက ခွဲစိတ်ကုသမှုခံယူထားသူ၊ လွန်ခဲ့တဲ့ သုံးပတ်အတွင်းက ရေကျောက်၊ သွေးလွန်တုပ်ကွေးဖြစ်ခဲ့သူ၊ အမျိုးသမီးများအနေဖြင့် ဓမ္မတာလာနေသူ၊ ကိုယ်ဝန်ဆောင်နေသူ၊ ကလေးနို့တိုက်နေသူများ သွေးမလှူသင့်ပါဘူး။

လှူဒါန်းတဲ့သွေးက ရောဂါပိုးပါနေမယ်ဆိုရင် သွေးကို ဖျက်ပစ်ရလို့ အလဟဿဖြစ်သွားတယ်။ သန့်စင်တဲ့ သွေးစုဆောင်းရရှိဖို့ အရေးကြီးပါတယ်။ သွေးလှူရှင်များ ဆန်းစစ်နိုင်အောင် သွေးမလှူခင် မေးခွန်းလေးတွေ အဖြေခိုင်းပါတယ်။ မြန်မာတိုင်းရင်းသားများ သွေးလှူဒါန်းရာမှာ ရက်ရောပါတယ်။ သန့်စင်တဲ့သွေး လှူဒါန်းနိုင်ဖို့ သွေးလှူရှင်များ ကျန်းမာသန့်ရှင်းအောင် နေထိုင်ဆောင်ရွက်မယ်ဆိုရင် လူနာရော၊ သွေးလှူဒါန်းသူရော နှစ်ဦးနှစ်ဖက် အကျိုးရှိပြီး လှူသူလည်း ကုသိုလ်ရ၊ ရောဂါသည်ဝေဒနာရှင်လည်း အသက်ရှင်သန်ရ ကျေးဇူးများလှပါတယ်။

လေးလတစ်ကြိမ်မှန်မှန်လှူ

သွေးလှူရှင်တစ်ဦးရဲ့ သွေးကြောင့် လူသားများ အသက်ရှင်ခွင့်ရလို့ အသက်ကယ်တဲ့ ကုသိုလ်ရပါတယ်။ အသက်တစ်ချောင်းကယ်ဆိုတဲ့ ကုသိုလ် မွန်မြတ်ထူးကဲလှပါတယ်။ သွေးလှူဘဏ်အနေနဲ့ စုဆောင်းရရှိတဲ့ သွေးတွေကို ရန်ကုန်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး ၁၅ရုံအနက် အမျိုးသားသွေးလှူဌာန ကိုးရုံက ထောက်ပံ့နေပါတယ်။ ယခုအခါ စေတနာရှင်သွေးလှူရှင်များထံမှ သွေးလိုအပ်မှုရဲ့ ၅၇ရာခိုင်နှုန်းခန့်သာ ရရှိရာ ကျန်လိုအပ်မှုကို လူနာရှင်က ရှာဖွေနေရပါတယ်။ သွေးလှူရှင်၁၃၀၀ခန့်ကသာ လေးလတစ်ကြိမ် မှန်မှန်လာရောက်လှူဒါန်းမယ်ဆိုရင် ရန်ကုန်တစ်မြို့လုံးလုံလောက်နိုင်မယ့် အခြေအနေရှိပါတယ်။

လူမှုဝန်ထမ်းစိတ်ပြင်း

သွေးလှူဘဏ်ကလည်း နှစ်စဉ်နှစ်တိုင်း သွေးလှူရှင်များဂုဏ်ပြုတဲ့အနေနဲ့ သွေးလှူရှင်များနေ့ကို ကျင်းပပါတယ်။ အကြိမ် ၅၀ကျော်လာတဲ့ သွေးလှူရှင်များကို နိုင်ငံတော်က လူမှုထူးချွန် ပထမ၊ ဒုတိယ၊ တတိယ အဆင့်တွေကို ချီးမြှင့်ပေးပါတယ်။ စေတနာရှင်သွေးလှူသူများကို နိုင်ငံတော်ရဲ့ လူမှုရေး အဖွဲ့အစည်းတွေကလည်း ထိုက်တန်တဲ့ ချီးမြှင့်မှုတွေ ပြုလုပ်ပါတယ်။ လူမှုရေးအသိစေတနာရှိသူများကလည်း သွေးလှူရှင်အသင်းများဖွဲ့စည်းရာ သွေးလှူဘဏ်သို့ စုပေါင်းလာရောက်သွေးလှူဒါန်းမှုများရှိပါတယ်။ သုဝဏ္ဏ သစ်ရာပင်လမ်းက မခင်သန္တာဦးဆိုလျှင် ကိုယ်တိုင် အကြိမ်ကြိမ်သွေးလှူဒါန်းတဲ့အပြင် အခြားသူများကို သွေးလှူချင်အောင် သိမ်းသွင်းစည်းရုံးပြီး ငွေကြေးအကုန်အကျခံ ခရီးစရိတ်၊ ကျွေးမွေးစရိတ်များ အကုန်အကျခံကာ လူမှုဝန်ထမ်းစိတ်ဓာတ်ပြင်းပြင်းဖြင့် ဆောင်ရွက်သူဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည်။

ဆက်လက်၍ စိတ်အားထက်သန်စွာဖြင့် ကိုယ်တိုင်လည်းသွေးလှူပတ်ဝန်းကျင်ကိုလည်း စည်းရုံးပြီး သွေးသည်အသက်၊ အသက်သည်သွေး ဆိုပြီး ဇီဝိတဒါန သွေးလှူဒါန်းနိုင်ရန် ဆောင်ရွက်နေသော မခင်သန္တာဦးကို တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

သွေးအလှူရှင်များခေါ်ဆောင်လာ

မခင်သန္တာဦးသည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အမှတ် ၁၁၀ သစ်ရာပင်လမ်းတွင် နေထိုင်သူဖြစ်သည်။ အသက်၃၆နှစ်ရှိပြီး သွေး(၃၇)ကြိမ်လှူဒါန်းပြီးသူဖြစ်သည်။ ကိုယ်တိုင် သွေးလှူဒါန်းရုံသာမက သွေးလှူရှင်များ စည်းရုံး၍ ခရီးစရိတ် အကုန်ခံ အာဟာရညှော်ခံကျွေးမွေးစရိတ်ကအစ လိုအပ်မှုမှန်သမျှ စိုက်ထုတ်ကာ မကြာမကြာ သွေးလှူဘဏ်သို့ သွေးလှူရှင်များကို ခေါ်ဆောင်လာတတ်သူဖြစ်သည်။

သွေးလှူရှင် မခင်သန္တာဦးက "သွေးလှူဒါန်းမှုနှင့် ပတ်သက်၍ ပထမဦးဆုံး မှတ်ပုံတင်ရတယ်။ ယခင်က သွေးလှူဖူးတဲ့လူဆိုရင် သွေးလှူရှင်ကတ်ပြား ယူဆောင်လာရပါတယ်။ နောက်စစ်ဆေးတဲ့ မေးခွန်းလွှာကို ဖြေဆိုရပါတယ်။ သွေးနီအား ပြည့်မပြည့် စမ်းသပ်တာ၊ သွေးပေါင်ချိန်၊ နှလုံးခုန်တာတွေ စစ်ဆေးရပါတယ်။ သွေးစတင်လှူတဲ့ အကြိမ်မှာတော့ နည်းနည်း ကြောက်တတ်ပါတယ်။ ကိုယ်ခန္ဓာကထုတ်ယူတဲ့ သွေးရတဲ့အချိန်မှာ ပီတိက ပြောပြမတတ်အောင် ဖြစ်ရပါတယ်။ ခန္ဓာကိုယ်က ထုတ်ယူတဲ့သွေးနဲ့ သေခြင်းတရားကို ရင်ဆိုင်နေတဲ့ ဝေဒနာရှင်လူနာများကို ကယ်တင်နိုင်ပါကလားဆိုတဲ့ စေတနာပီတိ ဖြစ်ရပါတယ်။

သွေးဖောက်တာ ၁၀မိနစ်၊ ၁၅ မိနစ်လောက်ပဲ ကြာပါတယ်။ သွေးဖောက်ပြီး ၁၅မိနစ်လောက် လှဲနေရပါတယ်။ ပြီးရင် သွေးလှူဘဏ်က ကျွေးတဲ့ အာဟာရကော်ဖီ၊ မုန့်တွေ စားပြီးမှ အိမ်ပြန်ရပါတယ်။ သွေးမလှူခင်တော့ ရေများများ သောက်ရပါတယ်။ သန့်စင်တဲ့ သွေးလှူဒါန်းမှု အသက်တစ်ချောင်းကယ်တင်နိုင်တာ မွန်မြတ်လှတဲ့ စေတနာပါ"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

သွေးကင်ဆာဝေဒနာရှင်များ၊ နှလုံးခွဲစိတ်ထားသူများ၊ မီးလောင်ခံထားရသူများ၊ ထိခိုက်ဒဏ်ရာရသူများ၊ မွေးရာပါ သွေးမတိတ်ရှိသူများသည် သေခြင်းတရားနှင့်ရင်ဆိုင်နေရသည်။ အသက်ဆက်လက်ရှင်သန်ရေး သွေးကို စောင့်ဆိုင်း ငံ့လင့်နေရသည်။ တန်ဖိုးမဖြတ်နိုင်သည့် သင့်သွေးစက်ဖြင့် လူသားများ၏ အသက်ကို ကယ်တင်နိုင်သည်မှာ တန်ဖိုးမဖြတ်နိုင်သော စေတနာ မေတ္တာတရားဖြစ်သည်။ သွေးသည် အသက်၊ အသက်သည်သွေးဖြစ်ရာ အသက်သွေးကို ပေးလှူကာ ကုသိုလ်ယူပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့သွေးလှူရှင်များနေ့သို့

✻ မလှူမီညဦး
စိတ်ကူးနဲ့မြူးရွှင်
လူနာလျှင်ချမ်းသာ
ကျန်းမာပါစေကြောင်း
သဒ္ဓါကောင်းဆန္ဒ
"ပုဂ္ဂလ"မခွဲခြား...
စိတ်ထားဖြူစွာနဲ့
ရင်မှာဖြစ်ခဲ့တဲ့ဒါန
လေးလမှတစ်ကြိမ်သာ
အခါခါလှူဒါန်းရင်း
ပေးနှင်းခဲ့သူ့သွေး
သူ့အတွေး သူ့အသွင်
"မေတ္တာရှင်"ပီသ
ကြည်မြပါဘိ။

✻ လှူနေသည့်ထိုခဏ
ရှုမဝမြင်ကွင်း
ခြင်းခြင်းစွေးနီရဲ
ပုလင်းထဲအပြည့်စွက်
တစ်စက်ချင်း တစ်ပေါက်ချင်း
ဖြည့်သွင်းခိုက်သူ့ဘဝင်
ကြည်လင်အေးမြစွာ
သတ္တဝါဒုက္ခိတ
"ကယ်မ"ဖို့အရေး
သတ္တိသွေးကိုမျှ
"မုဒ္ဒ"စေတနာ
သူ့ရင်မှာပြဌာန်း
"ကရုဏာ"လွှမ်းသည့်သွင်
ကြည်လင်ပါဘိ။

✻ လှူဒါန်းပြီးသမယ
သုခိတသတ္တဝါ
ကျန်းမာစွာတောင့်တင်း
ပျောက်ကင်းဘိ ထိုရောဂါ
အေးချမ်းစွာရွှင်လန်း
မိုးဆန်းပန်းအသွင်
မြင်ရသည့်အခါတိုင်း
ရင်မှာလှိုင်းပီတိ
ရွှန်းအိတဲ့နှလုံးအိမ်
အကြိမ်ကြိမ်ခံစားရင်း
သူ့ရင်တွင်း"မုဒိတာ"
ကြည်သာပါဘိ။

✻ ဇီဝိတဒါန...
"ဥပပါရမီ"မြောက်
သွေးနီပေါက် သွေးနီဥ...
သွေးဖြူနှ သွေးရည်ကြည်
သွေး"အေ" "ဘီ" သွေး"အို"မျိုး
သွေးအဖိုးအနဂ္ဃ
ငွေစနဲ့မလဲ
သွေးရဲသည့်စေတနာ
သွေးဝေဖြာလှူဒါန်းရင်း
သွေးသွင်းသည့်အခိုက်
ရင်လှိုက်ကာရှုမော
"ဥပေက္ခာ"ဇောနဲ့
စောပေတဲ့ကုသိုလ်
ပြဟ္မစိုရ်တရားတွေမို့
သွေးချင်းတို့စေတနာဖြူ...ဦတ်လူအခါခါဦးခိုက်သည်
သွေးရင်းသမို့ အသေအချာယူ နိဗ္ဗူအမတာ...ကူးထိုက်ပြီ။ ။

အညတရဘိက္ခု

မြန်မာ့ရုပ်မြင်သံကြား

၁၄–၆–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ အကပဒေသာ
၁၇:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး (စောင်း)
၁၇:၃၀ ၈။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇:၄၀ ၉။ တေးဂီတအစီအစဉ်
၁၇:၅၀ ၁၀။ ကချင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၇:၅၅ ၁၁။ မြန်မာ့ရိုးရာ တောခလေ့ကျေးလက်တေးသံများ
၁၈:၀၅ ၁၂။ Discovery
၁၈:၁၅ ၁၃။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၄။ ညနေခင်းသတင်း
၁၉:၀၀ ၁၅။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၆။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ(မြောက်ပိုင်း)
၁၉:၂၀ ၁၇။ အသက်သခင်သွေးလှူရှင်ကျေးဇူးတင်စရာဘဝတာ
၁၉:၃၅ ၁၈။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၄၇)
၂၂:၃၀ ၂၃။ Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဒိန်းမတ်နှင့် အီတလီ)**

နံနက်ပိုင်း

၁:၁၅ ၂၄။ Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဆွီဒင်နှင့် ဘူလ်ဂေးရီးယား)**

မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တတိယအကြိမ် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြိုင်ပွဲကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကဏ္ဍများအလိုက် ကျင်းပပေးမည်ဖြစ်သဖြင့် တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

The Third Myanmar National ICT Awards Competition နှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ဇွန်၂၅ရက် ညနေ၃နာရီတွင် Myanmar ICT Park (Room-205)၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၊ MICT Park (Main Building) လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း–၆၅၂၂၃၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းလဲ့နှင့် အဖွဲ့ဝင်များ ဇွန်၁၂ရက်က သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်ရဲတပ်ဖွဲ့အိမ်ထောင်သည်နေအိမ်၊ လိုင်းခန်းများတွင် ပိုးလောက်လမ်းနှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) ပြုလုပ်နေမှုကို လိုက်လံစစ်ဆေးစဉ်။

(က–ပ)

❍ *ကျောဖုံးမှ*

ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည်။ ဝမ်ချိုင်းမှာ ယခုပွဲ အရှုံးနှင့်ရင်ဆိုင်သွားရ၍ သူ့ဘဝလက်ဝှေ့သက်တမ်းတစ်လျှောက်တွင် အရှုံးပွဲတစ်ပွဲထပ်တိုးပြီး ရှမ်းလေးသွေးနှင့် အရှုံးတစ်ပွဲအပါအဝင် နှစ်ပွဲအရှုံးဖြင့် ရင်ဆိုင်သွားရသည်။

ပထမအချီသရေ

ပထမအချီအစတွင် ဝမ်ချိုင်းဘယ်ညာတွဲလက်သီးအားကိုးဖြင့် အတင်းလိုက်ထိုးသလို ရွှေဆိုင်းကလည်း ရှောင်ရင်းတိမ်းရင်း အပူးအချုပ်ဒူးတိုက်ချက်များဖြင့် တုံ့ပြန်သွားရာ ပွဲမှာကြည့်ကောင်းသော်လည်း တစ်ဦးအမှားကို တစ်ဦးစောင့်ထိုးနေ၍ ပထမအချီ သရေဖြစ်နေသည်။

ဒုတိယအချီသရေ

ဒုတိယအချီစလျှင်စချင်း ရွှေဆိုင်းမြန်ဆန်သွက်လက်လှသော ဘယ်ညာတွဲလုံးလက်သီးများဖြင့်ဖိထားရာ ဝါရင့်လက်ဝှေ့ကျော် ဝမ်ချိုင်းက ခြေကန်ချက်များ ဘယ်ညာတွဲလက် သီးများဖြင့် ပညာသားပါပါပြန်လည်ထိုးသတ်သွားသဖြင့် ထပ်မံသရေကျသော်လည်း ပွဲမှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။

တတိယအချီ အရောက်တွင် ရွှေဆိုင်း၏ တွဲလက်သီးများ မြန်ဆန်လာပြီး အပူးအချုပ်၊ ဒူးတိုက်ချက်၊ ခေါင်းဖြင့် အမှတ်မထင်(ဆတ်ခနဲ) တိုက်မှုများ ဖုံးကြဲသလို အစုလိုက်အတွဲလိုက်ဝင်လာရာ ဝမ်ချိုင်း ကြိုးစားရှောင်တိမ်းနေရသည်။ တတိယအချီ ၁မိနစ်၅၂စက္ကန့်အရောက်တွင် အမှတ်မထင်ပြင်းထန်လှသော ရွှေဆိုင်း၏ ညာခြေကန်ချက်အငိုက်မိ၍ ဝမ်ချိုင်း၏ဘယ်ဒူးအားထိမိပြီး ဝမ်ချိုင်း လဲကျသွားပြီး အနားတောင်းယူရသည်။ အနားတောင်းရာမှ ဒူးအဆစ်ကိုထိခိုက်မိသဖြင့် ဝမ်ချိုင်း အလဲထိုးဖြင့်အရှုံးပေးလိုက်ရသည်။

ဝယ်လ်တာဝိတ်တန်းလူရွေးပွဲ

နိုင်ငံတကာပြိုင်ပွဲအတွက် မြန်မာ့ရိုးရာလက်ဝှေ့ လက်ရည်စစ်ပြိုင်ပွဲ ဝယ်လ်တာဝိတ်တန်း လူရွေးပွဲတွင် လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ အေးဗိုလ်စိန်က တောင်ငူသား စောစိုးစံအား ဒုတိယအချီ ၂မိနစ် ၄၅စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိပြီး လက်ရည်စစ်ပွဲအောင်မြင်သွားသည်။

သုံးချီပွဲများ

သုံးချီကြားပွဲ ငါးပွဲယှဉ်ပြိုင်ကြရာ ပွဲကျောင်းသား ကလပ်အသင်းမှ လေးဦး ပါဝင်ယှဉ်ပြိုင်ကြရာ လေးဦးစလုံး သရေဖြင့်သာကျေနပ်ကြရသည်။ သုံးချီစိန်ခေါ်ပွဲများအဖြစ် ဟိန်းညီညီ(အလင်းရောင်)ကလပ်နှင့် မင်းနဂါး(ပွဲကျောင်းသားကလပ်)၊ အောင်မျိုးဦး(လှိုင်သာယာ)နှင့်လှိုင်းအောင်(ပွဲကျောင်းသားကလပ်)၊ ကျော်နိုင်(သုဝဏ္ဏ)နှင့် ရိုင်းအောင် (ပွဲကျောင်းသားကလပ်)၊ နေမင်းအောင်(ညောင်တုန်း)နှင့် မိုးမင်းဆွေ(တွံတေး)၊ သီဟဇော်(ဆင်တဲ) နှင့်သိုးရိုင်း (ပွဲကျောင်းသားကလပ်)တို့ သုံးချီ အချီပြည့် သူတစ်ပြန် ကိုယ်တစ်ပြန်အကြိတ်အနယ် ယှဉ်ပြိုင်ကြသော်လည်း သရေပွဲဖြင့် အဆုံးသတ်လိုက်ရသည်။

လေးချီပွဲများ

လေးချီ အထူးစိန်ခေါ်ပွဲ များတွင် ဒေါနအောင်(ဘားအံ)နှင့် ရန်အောင်(အလင်းရောင်)၊ ဖွဲ့မာန်(ရန်ကုန်)နှင့် မိုးခိုက်(ပွဲကျောင်းသား)တို့ အချီပြည့် ထိုးသတ်ပြီး သရေကျသွားသည်။

တိုက်ကျား(တွံတေး)နှင့် ထစ်ချုံး (KLN)တို့၏ လေးချီအထူးစိန်ခေါ်ပွဲတွင်အတင်းဝင်အတင်းထိုးပြီး အဝင်ရဲသော တိုက်ကျားမှာ ထစ်ချုံး ညာလက်သီးမိမိရရထိ၍ တိုက်ကျားအလဲထိုးဖြင့် ဒုတိယအချီတွင်အရှုံးပေးလိုက်ရသည်။

ပြိုင်ပွဲအပြီးတွင် ချန်ပီယံရွှေဆိုင်း၏ နည်းပြဆရာ ရိုးရိုးထွေးနှင့် တွေ့ဆုံ၍ ပြိုင်ပွဲအတွေ့အကြုံကို မေးမြန်းရာ ရိုးရိုးထွေး (ဓာနည်မောင်ကလပ်)က "ရွှေဆိုင်း ယခုပွဲ ဘယ်ညာလက်သီးတွဲလုံးထိုးချက် လျင်မြန်မှုရှိခြင်း၊ ထိုးချက်ကောင်းမွန်ပြီး အမှတ်မထင်ခြေကန်အား ပြင်းထန်မှုကြောင့် ယခုလိုအနိုင်ရရှိခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲမတိုင်မီ ရွှေဆိုင်းနှင့် စောငမန်းကို သေသေချာချာလေ့ကျင့်ထားကြောင်း၊ တစ်ဖက်ကပြိုင်ဘက် ဝမ်ချိုင်း အထာကို မိမိနားလည်ထား၍ သင်ပေးရာတွင် ထိရောက်မှုရှိပြီး ယခုလိုအောင်ပွဲဆင်နိုင်ခြင်းဖြစ်ကြောင်း၊ ရွှေဆိုင်းကလည်း စခန်းဝင်လေ့ကျင့်မှုပြည့်ဝကြောင်း၊ ဝမ်ချိုင်းမှာ ပွဲပန်းသည်ကတစ်ကြောင်း၊ ရွှေဆိုင်း၏ အမှတ်မထင် ခြေကန်ချက်ပြင်းထန်မှုကြောင့်သာ ရှုံးသွားရခြင်း ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသွားသည်။ ။ **(မြန်မာ့အလင်း)**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဇွန် ၁၃

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် ကော်မတီဝင်များဖြစ်ကြသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်း၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ အမှတ်(၁)တပ်ထိန်းတပ်(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဘော်ထင်နှင့်ဦးတင်အောင်၊ ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ (အပေါ်ပုံ)

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင်စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲအတွက် လက်ရည်စစ်လူရွေးပွဲကို ပရိသတ်များ စိတ်ဝင်တစား ဤသို့အားပေးကြည့်ရှုခဲ့ကြသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ယှဉ်ပြိုင်

စောစိုးစံ(ယာ)နှင့် အေးဗိုလ်စိန်(ဝဲ)တို့ အကြိတ်အနယ် ခြေကန်ချက်များဖြင့် ယှဉ်ပြိုင်ခဲ့ကြစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အောင်ပွဲခံ

မစ်ဒယ်ဝိတ်တန်း နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲအတွက် လက်ရည်စစ် လူရွေးပွဲတွင် ဝမ်ချိုင်းအား အနိုင်ရရှိသွားသော လက်ဝှေ့ချန်ပီယံရွှေဆိုင်း အောင်ပွဲခံစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗန်တိုသိုင်းနည်းပြ သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ဇွန် ၉ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြည်ထောင်စုလမ်းမရှိ သိုင်းပြိုင်ပွဲအားကစားရုံတွင်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်စဉ်။ (ရဲတပ်ဖွဲ့)

■ *ကျောဖုံးမှ*

ဒိန်းမတ်နှင့်အီတလီ

ယူရို ၂၀၀၄ တွင် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှုအဆင့် သတ်မှတ်ချက်၌ လက်ရှိချန်ပီယံပြင်သစ်ပြီးလျှင် အီတလီက အဆင့်(၂)၌ ရှိနေသည်။ ဒိန်းမတ်က ဆွီဒင်နှင့်အတူ ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှု အဆင့်(၈)သာရှိသည်။ သို့သော် အုပ်စု(က) ပွဲဦးထွက်တွင် ရေပန်းစားမှုအဆင့်(၃) ရှိသော အိမ်ရှင်ပေါ်တူဂီကို ရေပန်းစားမှု အဆင့်(၁၀)သာရှိသော ဂရိက အနိုင်ကစားလိုက်သည်ဖြစ်ရာ ဘောလုံးဝါသနာရှင်များ အံ့အားသင့်ခဲ့ကြရသည်။ ဒိန်းမတ်နှင့် အီတလီပွဲတွင် အီတလီအသင်းနိုင်မည်ဟု ထင်ကြေးပေးသူက အများစုဖြစ်နေရာ မှန်းချက်နှင့် နှမ်းထွက်ကိုက်မကိုက် စောင့်ကြည့်ရမည်ဖြစ်သည်။

ဒိန်းမတ်အသင်းသည် ၁၉၉၂ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်သော်လည်း ပြစ်ဒဏ်ကြောင့် ပါဝင်ခွင့်မရသည့် ယူဂိုဆလားဗီးယားအသင်းအစား ပါဝင်ယှဉ်ပြိုင်ပြီး မည်သူမျှမထင်မှတ်ထားသည့်ကြားမှ ဗိုလ်စွဲနိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်း ပြင်သစ်နှင့် ဥရုဂွေးအသင်းတို့ကိုကျော်လွှားပြီး ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယူရို ၂၀၀၄ ပြိုင်ပွဲ၌ အီတလီအသင်းဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသည်မှာ အဆန်းတော့မဟုတ်လှပေ။ နိုင်ငံတကာပြိုင်ပွဲကြီးများ၌ အီတလီအသင်းပါဝင်လာသည်နှင့် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားခဲ့သည်ချည်းသာဖြစ်သည်။ အီတလီစီးရီးအေ၏ ဘောလုံးအဆင့်အတန်းမြင့်မားမှုနှင့် အီတလီအသင်း၌ ပါဝင်နေသော ဘောလုံးသမားများသည် ကမ္ဘာ့အဆင့်မီ နာမည်ကျော်ဘောလုံးသမားများဖြစ်နေခြင်းကြောင့် ရေပန်းစားခြင်းဟု ဆိုနိုင်သည်။

အီတလီအသင်းသည် ၁၉၆၈ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက် ၂၀၀၀ပြည့်နှစ် ဥရောပဖလားပွဲတွင် ဒုတိယရရှိခဲ့သည်မှာ အမြင့်ဆုံးအောင်မြင်မှုပင် ဖြစ်သည်။ ၂၀၀၀ပြည့်နှစ် ဥရောပဖလားပွဲတွင် အီတလီအသင်းဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှုမြင့်မားခဲ့သော်လည်း ဗိုလ်လုပွဲတွင် ပြင်သစ်ကို အချိန်ပို၌ ရွှေဂိုးဖြင့်ရှုံးကာ ချန်ပီယံဆုဖလားနှင့် ကပ်လွဲခဲ့ရသည်။ အီတလီအသင်းသည် ၁၉၈၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက် ခြေစွမ်းအတက်အကျ မမှန်ဘဲဖြစ်နေရာ မှန်းဆရခက်ခဲသည့်အသင်းဟု ယူဆထားကြသည်။

အီတလီအသင်း၏ အဓိကအားသာချက်မှာ နောက်တန်းလုံခြုံစိတ်ချရမှုဖြစ်သည်။ ခံစစ်အားပြုကာ သွေးအေးအေးဖြင့်ကစားပြီး ပိုင်လောက်မှ ဂိုးသွင်းတတ်ခြင်းမှာ အီတလီ၏ကစားဟန်ပင်ဖြစ်သည်။ စာရေးသူအနေဖြင့် အီတလီအသင်းက ဒိန်းမတ်အသင်းကို လွယ်လွယ်ကူကူ မဟုတ်သော်လည်း အနိုင်ကစားပြလိမ့်မည်ဟု ထင်နေမိသည်။

ဒိန်းမတ်အသင်းကို နည်းပြအဖြစ်မော်တင်အော်ဆင်(ဒိန်းမတ်)က ဆောင်ရွက်မည်ဖြစ်ပြီး အားကစားသမား ၂၃ဦးနှင့် ၎င်းတို့၏ကျောနံပါတ်များမှာ **(ဂိုး)** ဆိုရန်ဆင်(၁)၊ စကော့ဖ်ဂျန်ဆင်(၁၆)၊ စတီဖင်အန်ဒါဆင်(၂၂)၊ **(နောက်တန်း)** ဟဲလ်ဗက်(၆)၊ ကရိဒရပ်(၁၃)၊ ပရီစကီ(၁၈)၊ ဟင်နရစ်ဆင်(၃)၊ နီးစ်ကလပ်ဂျန်ဆင်(၅)၊ လော်ဆင်(၄)၊ ဘိုဂီလန်(၅)၊ **(အလယ်တန်း)**ဂရာဗီဆင်(၇)၊ကလော့စ်ဂျန်ဆင်(၁၄)၊ ခါလင်ဘတ်(၁၂)၊ ဒန်နီယယ်ဂျန်ဆင်(၁၅)၊ ပေါလ်ဆင်(၁၇)၊ **(ရှေ့တန်း)**ဂရွန်ကျာ(၈)၊ အက်ဘီဆန့်(၁၁)၊ တိုမာဆင်(၉)၊ ကင်နက်ပီရက်ဇ်(၂၀)၊ ဂျော်ဂျင်ဆင်(၁၀)၊ လိုဗင်စရန့်စ်(၂၃)၊ ပီတာမဒ်ဆင်(၂၁)၊ ရွှန်မဲဒါးလ်(၁၉)တို့ ဖြစ်ကြသည်။

အီတလီအသင်း

အီတလီအသင်း၏နည်းပြအဖြစ် ထရာပက်တိုနီ(အီတလီ)က ဆောင်ရွက်ပြီး အားကစားသမားများနှင့် ၎င်းတို့၏ ကျောနံပါတ်များမှာ **(ဂိုး)** ဘတ်ဖွန်(၁)၊ တော်လ်ဒို(၁၂)၊ ပီရူဇီ(၂၂)၊ **(နောက်တန်း)**ပန္နူချီ(၂)၊ အော်ဒို(၃)၊ ကန်နာဗာရို(၅)၊ နက်စတာ(၁၃)၊ မက်တီယိုဇာရာရီ(၆)၊ မက်တာရာဇီ(၂၃)၊ ဇမ်ဘရော့တာ(၁၉)၊ ဖာဗယ်လီ(၁၅)၊ **(အလယ်တန်း)** ပါလို(၂၁)၊ ဂတ်တူဆို(၈)၊ပါရော့တာ(၂၀)၊ဇနက်တီ(၄)၊ ဖီအိုရီ(၁၄)၊ ကာမိုရာနီစီ(၁၆)၊ **(ရှေ့တန်း)** ဒီဗိုင်ယို(၁၇)၊ ဒယ်လ်ပီယာရို(၇)၊ ကာဆာနို(၁၈)၊ တော့တီ(၁၀)၊ ကော်ရယ်ဒီ(၁၁)၊ ဗီယာရီ(၉)တို့ ဖြစ်ကြသည်။

ခြေစစ်ပွဲစဉ်

ဒိန်းမတ်အသင်းသည် ခြေစစ်ပွဲဝင်စဉ်က အုပ်စု(၂)၌ နော်ဝေ၊ ရိုမေးနီးယား၊ ဘော့စနီးယား၊ ဟာဇီဂိုဗီးနား၊ လူဇင်ဘတ်တို့နှင့် အတူပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှစ်ပွဲကစား၊ လေးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး(၁၅)မှတ်ဖြင့် အုပ်စုပထမရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်များတွင် ၁၅ဂိုးသွင်းပြီး ကိုးဂိုးအသွင်းခံခဲ့ရသည်။

အီတလီအသင်းသည် ခြေစစ်ပွဲစဉ်များတွင် အုပ်စု(၉)၌ ဝေးလ်စ်၊ ဆားဗီးယားနှင့် မွန်တီနီဂရိုး၊ ဖင်လန်၊ အဇာဘိုင်ဂျန်တို့နှင့်အတူ ပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှစ်ပွဲကစား၊ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး(၁၇)မှတ်ဖြင့် အုပ်စုပထမရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲစဉ်များတွင် ၁၇ဂိုးသွင်းပြီး လေးဂိုးအသွင်းခံခဲ့ရသည်။

ဆွီဒင်နှင့်ဘူဂေးရီးယား

အုပ်စု(ဂ)၌ ဆွီဒင်နှင့် ဘူဂေးရီးယားတို့ အနက်မှ တစ်သင်းသင်းကွာတားဖိုင်နယ် တက်မည်ဆိုလျှင် အံ့သြစရာမဟုတ်ပေ။ သို့သော် မည်သူကွာတားဖိုင်နယ် တက်မည်ဆိုသောအချက်မှာ ယခုပွဲမှ အနိုင်အရှုံးရလဒ်က အရေးပါနေသည်။ နှစ်သင်းစလုံး၏ ခြေစွမ်းမှာ မတိမ်းမယိမ်းသာရှိသော်လည်း အောင်မြင်မှု အစဉ်အလာအရ ကြည့်လျှင် ဆွီဒင်က ပို၍ သာလွန်သည်ကို တွေ့ရသည်။

ဘူဂေးရီးယားအသင်းသည် ၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် ခြေစွမ်းပြနိုင်ခဲ့ပြီးနောက်ပိုင်း မှေးမှိန်သွားခဲ့သည်။ ယခုပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းမှာ ကမ္ဘာ့ဘောလုံး ပရိသတ်ရှေ့မှောက်သို့ တစ်ကျော့ပြန်ရောက်ရှိလာခြင်းဟု ဆိုနိုင်သည်။

ဆွီဒင်အသင်းသည် ၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ခဲ့ပြီး တတိယဆုရရှိခဲ့သည်။ ဆွီဒင်အသင်း၏ ကစားဟန်သည် အခြားဥရောပအသင်းများနှင့် မူကွဲပြီး တစ်မျိုးတစ်ဘာသာ ပရိသတ်ကို ဆွဲဆောင်နိုင်သော ကစားဟန်မျိုးဖြစ်သည်။ အင်္ဂလန်နည်းပြ အဲရစ်ဆင်(ဆွီဒင်)နှင့် ပရီမီယာလိဂ်ချန်ပီယံ အာဆင်နယ်အသင်းမှ ဖရက်ဒရစ်ယွန်းဘတ်တို့၏ ကျော်ကြားမှုကြောင့် ဆွီဒင်အသင်းကို ပရိသတ်စိတ်ဝင်စားမှု ပိုရှိလာခဲ့သည်။ ဆွီဒင်အသင်း၏ ထူးခြားချက်မှာ နည်းပြနှစ်ဦး ဖြစ်သည့် တွမ်မီဆိုဒါဘာ့ချ်(ဆွီဒင်)နှင့် လာဂျာဘတ်(ဆွီဒင်)တို့က ပူးတွဲတာဝန်ယူနေခြင်းပင် ဖြစ်သည်။

ဆွီဒင်အသင်းတွင် ဖရက်ဒရစ်ယွန်းဘတ်(အာဆင်နယ်)၊ ဟင်းနရစ်လာဆင်(ဆဲလ်တစ်)၊ အိုလက်မ်မဲဘတ်(အက်စတွန်ဗီလာ)၊ အီဗရာဟီမိုဗစ်ချ်(အေဂျက်စ်)နှင့် အန်ဒါဆဗင်ဆင်(ဆောက်သမ်တန်)တို့လို နာမည်ကျော်များပါဝင်နေသည်။ ဘူဂေးရီးယားအသင်းတွင် ပီထရော့စ်(ဆဲလ်တစ်)၊ ဘာဘာတော့ဖ်(လေဗာကူဆင်)နှင့် တိုဒိုရော့ဖ်(ပို့စ်မောက်)တို့လို ဘောလုံးသမားကောင်းများပါဝင်ကြသည်။ အုပ်စု(က)တွင် အီတလီပြီးလျှင် ဆွီဒင်အသင်းကို အကြိုက်ဆုံးဖြစ်ပြီး အုပ်စုတက်နိုင်သည်ဟု ယူဆထားရာ စာရေးသူအနေဖြင့် ဆွီဒင်က ဘူဂေးရီးယားကို အနိုင်ယူကစားသွားလိမ့်မည်ဟု ထင်မိသည်။

ဆွီဒင်အသင်း

ဆွီဒင်အသင်းတွင် ပါဝင်သော ဘောလုံးသမား ၂၃ဦးနှင့် ၎င်းတို့၏ ကျောနံပါတ်များမှာ **(ဂိုး)** အီဆတ်ခ်ဆင်(၁)၊ ဟဒ်မန်း(၁၂)၊ ခေးစတတ်(၂၃)၊ **(နောက်တန်း)**တက်ဒီလူစစ်(၂)၊ မဲလ်ဘတ်(၃)၊ မီဂျာဘီ(၄)၊ အက်ဒ်မန်း(၅)၊ အော့စ်လန်း(၁၄)၊ ပီတာဟန်ဆင်(၁၃)၊ အန်ဒရေစ်ဂျာကော့ဆင်(၁၅)၊ ဂါလ်စတက်(၂၂)၊ **(အလယ်တန်း)**လင်ဒရော့သ်(၆)၊ နီလ်ဆင်(၇)၊ အန်ဒါဆဗင်ဆင်(၈)၊ ယွန်းဘတ်(၉)၊ ကယ်စရွန်း(၁၆)၊ အန်ဒါဆင်(၁၇)၊ ဖာနီရက်ဒ်(၁၉)၊ ဗိုဟမ်ဆင်(၂၁)၊ **(ရှေ့တန်း)** အီဗရာဟီမိုဗစ်(၁၀)၊ ဟင်းနရစ်လာဆင်(၁၁)၊ဂျွန်ဆင်(၁၈)၊ အောလ်ဘတ်(၂၀)တို့ ဖြစ်ကြသည်။

ဘူဂေးရီးယားအသင်း

ဘူဂေးရီးယားအသင်းကို နည်းပြအဖြစ် ပလာမန်မာကော့ဗ်(ဘူလ်ဂေးရီးယား)က တာဝန်ယူမည်ဖြစ်ပြီး ဘောလုံးသမားများနှင့် ၎င်းတို့၏ကျောနံပါတ်များမှာ **(ဂိုး)**ဇီဒရာကော့ဗ်(၁)၊ အိုင်ဗန်ကော့ဗ်(၂၃)၊ ကိုလက်ဗ်(၁၂)၊ **(နောက်တန်း)**အိုင်ဗာနော့ဗ်(၂)၊ ရိုဇန်ကီရီလော့ဗ်(၃)၊ ကိုတက်ဗ်(၆)၊ ပီကော့ဗ်(၄)၊ ပါဇင်(၁၈)၊ စတိုယာနော့ဗ်(၂၂)၊ ဇာရီစစ်(၅)၊ **(အလယ်တန်း)**ဘိုရီမော့ဗ်(၇)၊ ဒီမီထရော့မ်(၁၀)၊ ဟရစ္စတော့ဗ်(၁၅)၊ မာတင်ပီထရော့ဗ်(၁၇)၊ စတယ်လီယန်ပီထရော့ဗ်(၁၉)၊ ဂျော်ဂျီပိစ်(၁၃)၊ မီလန်ပိကော့ဗ်(၈)၊ **(ရှေ့တန်း)** ဘာဘာတော့ဗ်(၉)၊ ဗိုဂျီနော့ဗ်(၂၀)၊ ချီလီကော့ဗ်(၁၄)၊ ဂျန်ကိုဗစ်(၂၁)၊ လာဇာရော့ဗ်(၁၁)၊ မန်ချက်(၁၆)တို့ ဖြစ်ကြသည်။

ခြေစစ်ပွဲစဉ်

ဆွီဒင်အသင်းသည် ခြေစစ်ပွဲဝင်စဉ်က အုပ်စု(၄)၌ လတ်ဗီးယား၊ ပိုလန်၊ ဟန်ဂေရီ၊ ဆန်မာရီနိုတို့နှင့် အတူ တစ်အုပ်စုတည်းပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှစ်ပွဲကစား၊ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး (၁၇)မှတ်ဖြင့် အုပ်စုပထမရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲများတွင် ၁၉ဂိုးသွင်းနိုင်ပြီး သုံးဂိုးသာ အသွင်းခံခဲ့ရသည်။

ဘူဂေးရီးယားအသင်းသည် ခြေစစ်ပွဲဝင်စဉ်က အုပ်စု(၈)၌ ခရိုအေးရှား၊ ဘယ်လ်ဂျီယံ၊ အက်စ်တိုးနီးယား၊ အင်ဒိုရာတို့နှင့်အတူ တစ်အုပ်စုတည်းပါဝင်ခဲ့သည်။ ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှစ်ပွဲကစား၊ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ၁၇ မှတ်ဖြင့် အုပ်စုပထမရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ခြေစစ်ပွဲစဉ်များတွင် ၁၃ ဂိုးသွင်းခဲ့ပြီး လေးဂိုးသာအသွင်းခံခဲ့ရပေသည်။ ။ **(မြန်မာ့အလင်း)**

အိမ်ရှင်ပေါ်တူဂီ ပွဲဦးထွက်ရှုံး၍ မျက်နှာပန်းမလှဖြစ်ရ
စပိန်နိုင်သော်လည်း ရုရှားဂိုးသမားအစွမ်းပြ၍ဂိုးမပြတ်

ရန်ကုန် ဇွန် ၁၃

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (EURO 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ရက် ညပိုင်းက စတင်ကျင်းပရာ ပွဲဦးထွက်အဖြစ် ယှဉ်ပြိုင်ကစားသော အိမ်ရှင်ပေါ်တူဂီနှင့် ဂရိပွဲတွင် ဂရိအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်အဖြစ် ဇွန် ၁၃ရက် နံနက်ပိုင်းက စပိန်နှင့်ရုရှားတို့ယှဉ်ပြိုင်ကစားရာ စပိန်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အုပ်စု(က)တွင် တစ်ပွဲစီကစားပြီးသွားချိန်၌ ဂရိနှင့် စပိန်တို့က သုံးမှတ်စီရရှိထားကြပြီး အိမ်ရှင်ပေါ်တူဂီနှင့် ရုရှားတို့အမှတ်မရသေးပေ။

ခြေစွမ်းမပြနိုင်

အိမ်ရှင်ပေါ်တူဂီအသင်းသည် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသည့် ကြားမှ အိမ်ရှင်ပရိသတ်ရှေ့မှောက်၌ ခြေစွမ်းမပြနိုင်ဘဲ ရှုံးနိမ့်သွား၍ မျက်နှာပန်းမလှဖြစ်သွားရသည်။ ပေါ်တိုမြို့၌ တည်ရှိသော Estadio da Dragao ကွင်း၌ကျင်းပသော အဆိုပါပွဲစဉ်ကို ပွဲကြည့်ပရိသတ် ၅၂၀၀၀လာရောက် ကြည့်ရှုခဲ့ကြသည်။

ပွဲစပြီး ခုနစ်မိနစ်အကြာတွင် ယူရို ၂၀၀၄ပြိုင်ပွဲကြီး၏ အဖွင့်ဂိုး (ပထမဆုံးဂိုး)ကို ဂရိအသင်းမှ ကာရာဂူးနစ်က သွင်းယူလိုက်ရာ အိမ်ရှင်ပရိသတ် အံ့သြမှင်တက်သွားခဲ့ရသည်။

ပယ်နယ်တီဂိုး

ဒုတိယပိုင်းတွင် ပေါ်တူဂီအသင်းက ချေပဂိုးရရှိရေး တင်ကစားလာသော်လည်း ဂရိက ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဒုတိယဂိုးရရှိသွားသည်။ ဒုတိယပိုင်း၌ ဆီမာအိုအစား လူစားဝင်လာသည့် ခရစ္စတီယာနိုရိုနာလ်ဒိုက ပယ်နယ်တီဧရိယာအတွင်း ဂရိမှ ဆီထရိုက်ဒစ်ကို နောက်မှတွန်းလှဲဟန့်တားသဖြင့် ဒိုင်လူကြီးကော်လီနာက ပယ်နယ်တီပြစ်ဒဏ်ဘောပေးလိုက်ခြင်းဖြစ်သည်။ အဆိုပါ ပယ်နယ်တီကို ၅၁မိနစ်တွင် ဘတ်ဆီနက်စ်က သွင်းယူလိုက်သဖြင့် ဒုတိယဂိုး ရရှိသွားသည်။

စပိန်နှင့် ရုရှားပွဲတွင် လူစားဝင်လာပြီး စပိန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးသူ ဗယ်လာရွန်(၂၁)အား ဂိုးသွင်းပြီးနောက် ကစားဖော်တစ်ဦးနှင့်အတူ အောင်ပွဲခံပျော်မြူးနေသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

ပေါ်တူဂီအသင်းအတွက် တစ်လုံးတည်းသော သိက္ခာဆယ်ဂိုးကို ပွဲချိန် မိနစ် ၉၀တွင် ခရစ္စတီယာနိုရိုနာလ်ဒိုက လူးဝစ္စဖီဂိုကန်ပို့ပေးသည့် ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။

စပိန်နှင့်ရုရှား

စပိန်နှင့်ရုရှားပွဲကို ပေါ်တူဂီ၏ အထင်ရှားဆုံး အားလပ်ရက်အပန်းဖြေဒေသဖြစ်သော Faro မြို့နှင့် Loule မြို့အနီးမှ ပန်းခြံဧရိယာအတွင်းရှိ Estadio Algarve ကွင်း၌ကျင်းပခဲ့ရာ ပွဲကြည့်ပရိသတ် ၃၀၀၀၀ လာရောက်ကြည့်ရှုခဲ့ကြသည်။ အဆိုပါပွဲကို အင်္ဂလန်မှ ချယ်လ်ဆီးကလပ်ပိုင်ရှင် ရုရှားသူဌေး အဘရာမိုဗစ် ဇနီးသည်နှင့်အတူ လာရောက်အားပေးကြည့်ရှုခဲ့သည်။

စပိန်ခြေစွမ်းပြ

စပိန်အသင်းသည် ပွဲအစမှအဆုံး လျှင်လျှင်မြန်မြန်ဖြင့် တိုက်စစ်ဦးစားပေးကစားသွားရာ ရုရှားဂိုးသမား အိုချင်နီကော့ဗ်သာ လက်စွမ်းမပြနိုင်ခဲ့လျှင် ဂိုးပြတ်အနိုင်ရရှိမည်ဖြစ်သည်။ ရုရှားအသင်းက စပိန်အသင်းနောက်တန်းကို သုံးလေးကြိမ်ခန့်သာ ထိထိရောက်ရောက် ထိုးဖောက်နိုင်ခဲ့သည်။ ရုရှားတိုက်စစ်မှူးက တစ်ဦးတည်းဆွဲထွက်လာပြီး စပိန်ဂိုးသမား ကားဆီးလက်စ်နှင့်ရင်ဆိုင်တွေ့ကာ ကန်သွင်းသော်လည်း ကားဆီးလက်စ် ရှေ့ထွက်မြန်၍ လူနှင့်ထိပြီး ဘေးထွက်သွားသည်။

စူပါအရန်လူ

စပိန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို မိုရီယန်တေးစ်အစား လူစားဝင်လာသည့် ဗယ်လာရွန်က ကွင်းထဲဝင်လာပြီး စက္ကန့်ပိုင်းအတွင်း သွင်းယူပေးခြင်းဖြစ်သည်။ ရုရှားအသင်းဘယ်ခြမ်းမှ စပိန်နောက်တန်းလူ ပူယိုးလ်ထိုးဖောက်လာပြီး ဂိုးဧရိယာအစပ်သို့ချိုးပေးသည့် ဘောလုံးကို ဗယ်လာရွန်က နောက်တန်းလူများခံနေသည့်ကြားမှဘောလုံးကို တစ်ချက်ဖမ်းထိန်းပြီး လှလှပပကန်သွင်းယူသဖြင့် ပွဲချိန်မိနစ် ၆၀တွင် စပိန်အသင်း ဂိုးစတင်ရရှိသွားသည်။

ပွဲအပြီးတွင် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသဖြင့် ဗယ်လာရွန်၏ဂိုးမှာ သုံးမှတ်အပြည့် ရရှိသွားစေခဲ့သည်။ ဗယ်လာရွန်သည် ယူရို ၂၀၀၄ပြိုင်ပွဲကြီး၏ အကောင်းဆုံးအရန်လူ (Super-sub)ဖြစ်ဖွယ်ရှိသည်။ ရုရှားအသင်းမှ ရှရိုနော့ဗ်သည် အဝါကတ်နှစ်ကြိမ်ပြခံရပြီး နှစ်ဝါအနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံလိုက်ရသဖြင့် ယူရို ၂၀၀၄ပြိုင်ပွဲ၏ ပထမဆုံး အနီကတ်ပြခံရသူ ဖြစ်သွားသည်။

(မြန်မာ့အလင်း)

ယူရို ၂၀၀၄ အုပ်စု(ခ)ပွဲစဉ်များယှဉ်ပြိုင် ခရိုအေးရှားနှင့် ဆွစ်ဇာလန် ဂိုးမရှိသရေကျ

ရန်ကုန် ဇွန် ၁၃

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (EURO ˚2004)ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက်ကျင်းပရာ ယနေ့ မြန်မာစံတော်ချိန် ည၁၀နာရီခွဲတွင် လိုင်ရီယာမြို့ရှိ Estadio da Magathaes Pessoa ကွင်း၌ အုပ်စု(ခ) အဖွင့်ပွဲစဉ်အဖြစ် ဆွစ်ဇာလန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ဆွစ်ဇာလန်နှင့် ခရိုအေးရှားပွဲကို ပရိသတ်၂၅၀၀၀ လာရောက်ကြည့်ရှုခဲ့ကြသည်။ ပွဲမှာ ထင်သလောက် အကြိတ်အနယ်မရှိဘဲ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ ပထမပိုင်းတွင် ခရိုအေးရှားတိုက်စစ်မှူး အိုလစ် သေချာပေါက်ဂိုးဝင်နိုင်သည့်အနေအထားမှ ခေါင်းတိုက်သွင်းရာ ဂိုးဘားတန်းထိပြီး ထွက်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

ပွဲချိန်မိနစ်၅၀တွင် ဆွစ်ဇာလန်မှ ဗိုဂျယ် နှစ်ဝါ အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ပွဲပြီးသည်အထိ ၁၀ဦးတည်းဖြင့် ကစားသွားရသည်။ ခရိုအေးရှားအသင်းသည် တစ်ဦးအသာဖြင့် ကစားရသော်လည်း အနိုင်ဂိုးမသွင်းနိုင်ဘဲ တစ်မှတ်ဖြင့်သာ ကျေနပ်လိုက်ရသည်။ ကွင်းလယ်ဒိုင်လူကြီး ဘာတစ္စတာသည် အဝါကတ်များပြ၍ ပွဲကိုထိန်းခဲ့ရာ ခရိုအေးရှားအသင်းမှ ကစားသမားငါးဦးနှင့် ဆွစ်ဇာလန်အသင်းမှ ကစားသမားသုံးဦးတို့ အဝါကတ်များ လက်ဆောင်ရသွားကြသည်။ **(မြန်မာ့အလင်း)**

ဘုရားအနေကဇာတင်ပွဲနှင့် ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ (၂) နန္ဒင်းကုန်းရပ်ကွက် ကျောက်တော်ကြီးဘုရားသုံးဆူကျောင်းတိုက်တွင် ဘုရားအနေကဇာတင်ပွဲနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၃၀)မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို ကျောင်းထိုင်ဆရာတော် ဦးစန္ဒာဝံသ(ဘုန်းဘုန်းရှမ်း)က ဦးစီး၍ တပည့်ဒါယကာ ဒါယိကာမများ စုပေါင်းပြီး ဇွန် ၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၅) ဖြန့်ချိ

ရန်ကုန် ဇွန် ၁၃

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ်အတွဲ(၁)၊ အမှတ်(၅)ကို ဖြန့်ချိထားသည်။

အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ အကြိုအစီအစဉ် မြန်မာနှင့်တရုတ်တို့ အခွန်လွတ်ကုန်သွယ်မှုတချို့စတင်၊ မော်လမြိုင်ဒေသ အလားအလာကောင်း နိုင်ငံတကာ ရေနက်ဆိပ်ကမ်း တည်ဆောက်ဖွယ်၊ ပုဂံဆိုက်ဘာတက်ခ်၏ စွမ်းရည်မြင့် ကိုယ်ပိုင်ဆက်သွယ်ရေးကွန်ရက်ကြီး ပထမအဆင့် တည်ဆောက်မှုလုပ်ငန်းများ ယခုနှစ်ကုန်ပြီးစီးမည်၊ ငွေစုဘဏ်ခွဲ(၃)တွင် အွန်လိုင်းစနစ်စတင်၊ မြန်မာကျောင်းသားများ ဂျပန်တက္ကသိုလ်(၄၂)ခုသို့ ဝင်ခွင့်ဖြေဆိုနိုင်၊ အိမ်မွေးတိရစ္ဆာန်ဟိုတယ် လေဆိပ်တွင် အောင်မြင်နေ၊ ဗန်ကောက်ရှိ နယူးဝေါလ်ကုန်တိုက် တစ်စိတ်တစ်ပိုင်းပြိုကျ၊ ကားလုပ်ငန်းရှင်များအတွက် မူဝါဒအသစ် တရုတ်နိုင်ငံထုတ်ပြန် စသည့် ပြည်တွင်းပြည်ပသတင်းများ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်သတင်းများ၊ စီးပွားရေးနှင့် သုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားကာ e-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသည်။ **(က–ပ)**

ဇွန် ၁၃ရက်က ဗဟန်းမြို့နယ် ဆရာစံ မြောက်အနောက်ရပ်ကွက် စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်း အမှတ် (၃) ယဉ်ကျေးမှု သင်တန်းဆင်းပွဲကျင်းပရာ ကျောင်းတိုက်ပဓာနနာယကဆရာတော် ဦးဥက္ကာသ ကြွရောက်တော်မူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်က သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများ ချီးမြှင့်စဉ်။ (က–ပ)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး ခေတ္တမျှ သည်းထန်မည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၂)ထုတ်ဝေ

ရန်ကုန် ဇွန် ၁၃

အခြေခံပညာကျောင်းများ၏ ကျောင်းဖွင့်ရာသီမှ ပညာရေးအလှပုံရိပ် မျက်နှာဖုံးဖြင့် ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ် (၁၂)ကို ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ဝံသာနုသတင်းလွှာတွင် သွင်းကုန်ကြေညာလွှာနှင့် ကွဲလွဲတင်သွင်းလာသော ပစ္စည်းများ တားဆီးအရေးယူ၊ သရက်မြို့ ဧရာဝတီမြစ်အတွင်း ရေယာဉ်များ မီးလောင်နစ်မြုပ်၊ ဒေါပုံမြို့နယ် တရားမဝင်သစ်သားသစ်လုံးများ ဖော်ထုတ်ဖမ်းဆီး၊ သံသေတ္တာထဲ လျှို့ဝှက်သယ်ဆောင်လာသော ရှေးဟောင်း ဆင်းတုတော်များ၊ အပျံသင်စ ကျီးဖြူတစ်ကောင် လှိုင်ကော်မြို့တွင်တွေ့ရှိ၊ အောင်မင်္ဂလာအဝေးပြေးစခန်းအတွင်း ပျက်စီးနေသောလမ်းများ၊ ဘဝတူချင်းရိုက်သတ်ပြီး ဓာတ်လမ်းဆင် တိုင်ကြား၊ မြန်မာတွေ စည်းကမ်းရှိဖို့ အချိန်တန်ပါပြီ (၅) စသော ပြည်တွင်းသတင်းဆောင်းပါးများနှင့် အီရတ်အရေးတွင် ဘေးကျပ်နံကျပ်ဖြစ်နေသော အမေရိကန်တပ်ဖွဲ့များ၊ ဒိုမီနီကန်နှင့် ဟေတီနိုင်ငံတို့တွင် ရေလွှမ်းမိုး၊ ဗန်ကောက်မြို့မှ နိုင်ငံကူးလက်မှတ်အတုပြုလုပ်သူ နိုင်ငံခြားသားများ၊ နိမိတ်ပြဖြစ်ရပ်ဆန်းများ၊ ချေချင်းညာနိုင်ငံ အထိမ်းအမှတ် အခမ်းအနားဖုံးပေါက်ကွဲ၊ အမေရိကန်နိုင်ငံသားများ လုံခြုံမှုမရှိသောအခြေအနေ၊ ကြောက်စရာကလဲ့စား၊ လက်တွဲဖြုတ်ပြီး ကျောခိုင်းခဲ့ကြသော ကမ္ဘာကျော်ကုမ္ပဏီကြီးနှစ်ခု၊ ကိန်းစ်ရုပ်ရှင်ပွဲတော်မှ စွမ်းဆောင်ရှင်မင်းသား မင်းသမီးများ၊ အနောက်အရပ်က အိမ်ထောင်ရေးဓာတ်လမ်းတစ်ပုဒ်၊ ထိုင်းနိုင်ငံ၏ မလိုလားအပ်သော အခြေအနေဆိုးများ၊ ကြော်ငြာဈေးကွက်တွင် ဒေးဗစ်ဘက်ခမ်းနေရာယူဆဲ၊ ထူးတာလား ရူးတာလားအပါအဝင် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် (၄၁) ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

တံခွန်စိုက်ဒိုင်းဆုအပ်နှံ

ဇွန် ၁၂ ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကြက်ခြေနီတပ်ရင်းမှ ၂၀၀၄ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စစ်ရေးပြနှင့် သူနာပြုစွမ်းရည်ပြိုင်ပွဲတွင် ရရှိခဲ့သော စစ်ရေးပြတံခွန်စိုက်ဒိုင်းဆုကြီးကို တပ်ရင်းမှူး ဒုရဲမှူးကျော်စိုးထံ တပ်ဖွဲ့အရာရှိများနှင့် ပြိုင်ပွဲဝင်များက အပ်နှံစဉ်။ (က–ပ)

ဇွန်မိသားစု မွေးနေ့ဆုတောင်း

ဒေါ်ညွန့်ရင်(ဇွန်–၁၇)၊ ဗိုလ်ကြီးမြင့်ထွေး(ဇွန်–၁၄)၊ မောင်အောင်မိုးမြင့်ထက်(ဇွန်–၁၃)တို့၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . .။

ဦးတင်မြင့် (ဓာတုကဆီစက်၊ ဆန်စက်)၊
ကိုမိုးဇော်မြင့်–မနီနီစန်း (သဇင်စတိုး)၊
မမိုးစန္ဒာမြင့်၊ မမိုးသော်တာမြင့်၊
ကိုမိုးကျော်စွာမြင့်–မသင်းသင်းအောင်၊
မင်းပြည့်စုံသန့်၊ ခွန်းဆင့်ကျော်စွာ၊ ရှင်မိုးမြင့်။

ချစ်စဖွယ် ကလေးငယ် နာမည်ပေးကြမယ်

ဖုန်းသာဆက်လိုက်ပါ။ သင့်ရင်သွေးအတွက် ရှေးမူမပျက် ခေတ်မီလှပသော နာမည် (၁၅)မျိုးကို အမြန်ရွေးပို့လိုက်မယ်။ ကင်ပွန်းတပ်ရန် ရက်လည်း အခမဲ့ရွေးပေးမယ်။ ကုမ္ပဏီများ နာမည်အထူးရွေးပေးသည်။

ဆရာကြီး ရာဇာဇော်ဝင်း (LL.B)

တိုက်အမှတ် ၂၃၀၊ ပထမထပ်၊ လမ်း ၃၀၊ အထက်ဘလောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၃၇၅၈၂၂

Lap Top

စိန်မြား

ဆရာဒွေး – U.F.L ဝင်ခွင့်အားလုံး

MMBox

Show Room Address

Customer Support

Myanmar Forever June Co., Ltd.

Forever Group Co., Ltd. (Mandalay)

FAME

IMMUNOPLEX®

သဘာဝကိုယ်ခံစွမ်းအားတိုးဆေး

ဒုတိယအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာ့မြားပစ်မောင်မယ်များ ပါဝင်ဆင်နွှဲကြမည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
သိန်းဝင်းလေး (မြန်မာ့အလင်း)

ဒုတိယအကြိမ် အာရှပတ်လည် မြားပစ် ပြိုင်ပွဲတွင် အုပ်ချုပ်သူအဖြစ် လိုက်ပါ ဆောင်ရွက်မည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦးက ပြိုင်ပွဲနှင့် ပတ်သက်၍ မြန်မာ့အလင်းသို့ရှင်းပြစဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇွန် ၁၆ ရက်မှ ၂၀ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ မြန်မာမြားပစ် မောင်မယ်များ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

အမျိုးသား Recurve အသင်းလိုက်ပြိုင်ပွဲနှင့် Compound တစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသမီး တစ်ဦးချင်း Recurve ပြိုင်ပွဲများတွင် မြန်မာမြားပစ်ပြိုင်ပွဲ ဝင်မောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

ပါဝင်ယှဉ်ပြိုင်မည်

မြန်မာမြားပစ်အဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်ထွန်း(အုပ်ချုပ်မှု ဒါရိုက်တာ ရွှေဂုံတိုင်အထူးကုဆေးခန်း)က ဆောင်ရွက်ပြီး အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး လူထုအားကစားနှင့် ပညာပေးဌာနခွဲ အား/ကာ)ကလည်းကောင်း၊ နည်းပြအဖြစ် ကိုရီးယားသမ္မတနိုင်ငံမှ နည်းပြဆရာ Mr.An Seung Bum ကလည်းကောင်း၊အမျိုးသားRecurve ပြိုင်ပွဲအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ထွန်းလင်းအောင်နှင့် ညီညီထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဇော်မင်းထွန်း၊ အမျိုးသမီး Recurve ပြိုင်ပွဲအတွက် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ မသင်းသင်းခိုင်၊ အမျိုးသား Compound ပြိုင်ပွဲအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ပေါ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Compound အားကစားနည်းကို ပထမဦးဆုံး အကြိမ်ထည့်သွင်း ကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အနေဖြင့် ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ ပဏာမ မြန်မာ့လက်ရွေးစင်အားကစားသမားများကို ကျိုက္ကဆံရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် စခန်းသွင်းလေ့ကျင့်ပေးခဲ့ရာ ငါးလကျော်လာပြီဖြစ်သည်။ ပဏာမ မြန်မာ့လက်ရွေးစင်များ မြားပစ်လေ့ကျင့်ရာသို့ မြန်မာ့အလင်းက သွားရောက်၍ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ပတ်သက်၍ မလေးရှား ပြိုင်ပွဲ၌ အုပ်ချုပ်သူအဖြစ် လိုက်ပါသွားမည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အားနည်းချက်

အုပ်ချုပ်သူဦးကျော်ဦးက "မိမိတို့ မြားပစ်အဖွဲ့သည် ပြီးခဲ့သော အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲခဲ့ရကြောင်း၊ ယင်းပြိုင်ပွဲမှ အားနည်းချက်များကို ပြင်ဆင်၍ လေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း၊ ယခုနှစ်ဆန်းမှစ၍ အမျိုးသား ၁၃ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း၂၁ဦးကို စခန်းသွင်းလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြောင်း၊ နေ့စဉ် နံနက် ၆နာရီမှ၇နာရီအထိ ကိုယ်လက်ကြံ့ခိုင်ရေးဆိုင်ရာများ လေ့ကျင့်မှု ပြုလုပ်ကြောင်း၊ နံနက် ၈နာရီမှ ၁၀ နာရီအထိနှင့်မွန်းလွဲ ၂ နာရီမှ ညနေ ၅နာရီ ၄၅မိနစ်အထိ မြားပစ်ခတ် လေ့ကျင့်မှုကို ပြုလုပ်ကြကြောင်း၊ ည ၈ နာရီခွဲမှ ၉နာရီခွဲအထိ စိတ်တည်ငြိမ်မှုရအောင် တရားထိုင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြကြောင်း၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ၂ နာရီခွဲမှ ညနေ ၅နာရီအထိ အကြောလက်ဆုံ၊ ပခုံးဆုံသန်မာအောင် လေ့ကျင့်မှုပြုလုပ်ကြောင်း၊ သောကြာနေ့ မွန်းလွဲ ၂ နာရီခွဲတွင် သန်လျင် သီဟဒီပမြားပစ်ကွင်းတွင် ကွင်းအပြောင်းအလဲ အတွေ့အကြုံရရန်၊ ပတ်ဝန်းကျင် အပြောင်းအလဲနှင့် လေတိုက်နှုန်း အပြောင်းအလဲ စသည့်အချက်များကို သိရှိနိုင်ရန် သွားရောက်၍ မြားပစ် လေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြကြောင်း၊ လစဉ် အားကစားသမားတစ်ဦးချင်းစီ၏ လေ့ကျင့်မှု အတက်အကျကို သိရှိရန် လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပပေးပြီး ဆုချီးမြှင့်ခဲ့ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်မှုနှင့်ပတ်သက်၍ အားကစားသမားများကိုတိုးမြှင့်လေ့ကျင့်မှုပြုလုပ်လျက်ရှိကြောင်း၊ ယခုပြိုင်ပွဲသည် ပြီးခဲ့သည့် အရှေ့တောင်အာရှပြိုင်ပွဲအပြီးတွင် နိုင်ငံတကာပြိုင်ပွဲသို့ထပ်မံသွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အားကစားကွင်းကိုအကောင်းဆုံး အနေအထားဖြစ်အောင် ပြင်ဆင်ထားကြောင်း၊ အိပ်ဆောင်အသစ်တိုးချဲ့ခြင်း၊ အသစ်ဆောက်လုပ်ခြင်း အဆင့်မြင့်အစည်းအဝေးခန်းမများ၊ ဧည့်ခန်းများ ပြုပြင်မွမ်းမံခြင်း၊ ကျိုက္ကဆံရှိမြားပစ်အားကစားပြိုင်ကွင်းကို အဆင့်မြင့် တိုးချဲ့ပြုပြင်ခြင်း၊ လစဉ်ထောက်ပံ့ကြေးများ ဖြည့်ဆည်းပေးထားကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများတွင်ဆုတံဆိပ်ရရှိအောင် ပြင်းပြင်းထန်ထန် လေ့ကျင့်မှု ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့က လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်)က အနီးကပ်ကြပ်မတ်ဆောင်ရွက်ပြီး မြားပစ်အထောက်အကူပြုပစ္စည်းများကို လိုလေသေးမရှိအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အမှုဆောင် များကလည်း ဝိုင်းဝန်းဆောင်ရွက်မှုကြောင့် ပဏာမလက်ရွေးစင်ကလေးများနှင့် မျိုးဆက်သစ် မြားပစ်မောင်မယ်များ စိတ်အားထက်သန်စွာဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက် ရှိကြောင်း" စသည်ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် မြန်မာမြားပစ်အဆင့်အတန်းမြင့်မားရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားလေ့ကျင့်လျက်ရှိပါကြောင်း လေ့လာမေးမြန်းရေးသားဖော်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသား တစ်ဦးချင်း မြားပစ်ပြိုင်ပွဲအတွက် ပေါ်ဦး(ကာကွယ်ရေး) မြားပစ်လေ့ကျင့်နေစဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး(မြန်မာ့အလင်း)

ပဏာမမြန်မာ့လက်ရွေးစင် မြားပစ်မယ် သင်းသင်းခိုင် (ပြည်ထဲရေး) မြားပစ်လေ့ကျင့်နေစဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး(မြန်မာ့အလင်း)

ကွင်းအပြောင်းအလဲ အတွေ့အကြုံရရန်၊ ပတ်ဝန်းကျင် အပြောင်းအလဲနှင့်လေတိုက်နှုန်း အပြောင်းအလဲ စသည့် အချက်များကို သိရှိနိုင်ရန် သန်လျင် သီဟဒီပ မြားပစ်ကွင်းသို့သွားရောက်၍ မြားပစ် လေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြ။

လစဉ် အားကစားသမားတစ်ဦး၏ လေ့ကျင့်မှုအတက်အကျကို သိရှိရန် လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပပေးပြီး ဆုချီးမြှင့်ပေးခဲ့။

မေ ၂၆ ရက်က ကျောက်တန်းမြို့အလယ်ပိုင်းရပ်ကွက် မြို့မကျောင်းဝင်း အတွင်း သန့်ရှင်းသာယာမှု ရှိစေရန် အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ကျောင်းဆရာ ဆရာမများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကော့သောင်းမြို့ ၁၀မိုင်ကျေးရွာနှင့် ရွှေပြည်စိုးကျေးရွာများတွင် မေ ၂၉ ရက်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်းက စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၃၇၉)

ဖြူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မေ ၁၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးနွဲ့က စတုတ္ထတန်းကျောင်းသား မောင်ဇေယျာထွန်းအား ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (၂၈၄)

ကြီးကြပ်ဆောင်ရွက်

ဇွန် ၅ ရက်က သာပေါင်းမြို့ ကမ်းနားလမ်းရှိ ပန်းခြံအတွင်း သာယာလှပရေးအတွက် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို စည်ပင်သာယာရေးဝန်ထမ်းများ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

အထက်မင်းလှ မေ ၂၈

မကွေးတိုင်း အထက်မင်းလှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြို့ပေါ်ရပ်ကွက် ၆ရပ်ကွက်မှ အခြေခံမူလတန်းကျောင်း ခြောက်ကျောင်းနှင့် အထက်တန်း ကျောင်းတို့မှ ချို့တဲ့ ကျောင်းသား ကျောင်းသူ၃၈ဦးတို့ကို ၂၀၀၄-၂၀၀၅ ခုနှစ်အတွက်ပညာသင်စရိတ်ထောက်ပံ့ ငွေပေးအပ်သည့် အခမ်းအနားကို မေ ၂၈ရက်က အထက်တန်းကျောင်း အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဝင်း တက် ရောက် အမှာစကားပြောကြားသည်။

ထို့နောက်ချို့တဲ့သော ကျောင်းသား ကျောင်းသူများကို အတွင်းရေးမှူးဦးကျော် ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဇနီးဒေါ်အေးအေးချို၊ မြို့နယ် ရဲတပ် ဖွဲ့မှူး ဦးထွန်းရှိန်၊ စခန်းမှူး ဦးငွေး အောင်၊ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူတို့က ထောက်ပံ့ငွေများနှင့် ကျောင်းသုံးစာအုပ်များနှင့်ဗလာစာအုပ် များကို ပေးအပ်ကြသည်။

(ဝ၇၆)

မွန်ပြည်နယ် အမျိုးသမီးဘော်လီဘောအသင်းဂုဏ်ပြု အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တက်ရောက်အားပေး

မော်လမြိုင် ဇွန် ၃

၂၀၀၄ခုနှစ် (၉)ကြိမ်မြောက် ပြည် နယ်/တိုင်း အသက်(၁၃)နှစ်အောက် (မီနီ)ဘော်လီဘောပြိုင်ပွဲ အောင်ပွဲရ မွန်ပြည်နယ် အမျိုးသမီး ဘော်လီဘော အသင်း ဂုဏ်ပြုညစာစားပွဲ အခမ်း အနားကို မေ ၂၉ရက် ည ၇နာရီက မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပ သည်။ ရှေးဦးစွာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်အား အောင်ပွဲရ အမျိုးသမီး ဘော်လီဘောအသင်းမှ အားကစား သမားများနှင့် တစ်ဦးချင်း မိတ်ဆက် ပေးသည်။

ထို့နောက်တိုင်းမှူးက ဂုဏ်ပြု အမှာ စကားပြောကြားပြီး အောင်ပွဲရအမျိုး သမီး ဘော်လီဘောအသင်းမှ ပြိုင်ပွဲ အတွေ့အကြုံများ ရှင်းလင်း တင်ပြ သည်။ ထို့နောက် မွန်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးလှက တံခွန်စိုက်ဒိုင်းဆုကြီးကို တိုင်းမှူးထံ အပ်နှံသည်။

ထို့နောက် ဂုဏ်ပြုဆုငွေများ ချီးမြှင့် ရာ မွန်ပြည်နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်ငွေ ၁၀သိန်းကို တိုင်းမှူးက လည်းကောင်း၊ ကျန်အလှူငွေများကို အလှူရှင်များက လည်းကောင်း ပေးအပ်ရာ မွန်ပြည်နယ် ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးဖေ စန်းက လက်ခံရယူပြီး ကျေးဇူးတင် စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(ဝဲပုံ)** **(၁၆၈)**

ရောဝတီတိုင်း စည်ပင်သာယာ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင် အောင်ငွေတို့ ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရောဦး ပန်းခြံအတွင်း ပန်းအလှပင်များ ကွင်းဆင်းစစ်ဆေးကြရာ အမှုဆောင် အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က အကောင် အထည်ဖော်ဆောင်ရွက်မည့် အခြေ အနေများကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ညောင်တုန်းမြို့နယ် ထွေ/ အုပ် ရုံးခန်းမ၌ကျင်းပ

ညောင်တုန်း ဇွန် ၁၁

ညောင်တုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု သားသမီးများ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ညောင်တုန်း မြို့နယ်ရုံးခန်းမတွင် ဇွန် ၃ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ် ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်း ဇော်၊ ဒုတိယဦးစီးမှူးဦးအောင်မြင့်သိန်း၊ ဦးအောင်ထိုက်၊ စည်းကမ်းထိန်းသိမ်း ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည် ယဉ်နှင့်ကော်မတီဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်အထွေထွေ ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းဇော်က အမှာစကားပြောကြားပြီး စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဒေါ်ကြည် ကြည်ယဉ်၊ ကော်မတီဝင် ဒေါ်တင် တင်ဝင်း၊ အတွင်းရေးမှူးဒေါ်ဝင်းမေနှင့် တာဝန်ရှိသူများကဝန်ထမ်း၃၅ဦးတို့၏ သားသမီး ၆၃ ဦးအတွက် ပညာသင် ထောက်ပံ့ငွေများကို ပေးအပ်ကြ ကြောင်း သိရသည်။ **(ယာပုံ)** **(ဝ၉၈)**

နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး ပခုက္ကူမြို့၌သင်တန်းကျောင်းသစ်ဖွင့်

ပခုက္ကူ ဇွန် ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာ ရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပခုက္ကူ) ကျောင်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ရက် နံနက် ၈နာရီက ပခုက္ကူမြို့ အဆိုပါကျောင်း၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ငွေးဦးနှင့်ပညာရေးနှင့်လေ့ကျင့်ရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးကျော် စိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးငွေးဦးက အဖွင့်အမှာ စကား ပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးဦးကျော်စိုးဝင်းက သင်တန်း ကျောင်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်း ကျောင်းတွင် တိုင်းရင်းသား၈၀ ပညာ သင်ကြားမည်ဖြစ်သည်။

(နယ်စပ်/စည်ပင်)

ဇွန်၁၀ရက်က ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကော့မှူး-ဝါး ဘလောက်သောက်လမ်းပေါ်ရှိ ဆမ္မ နိုင်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို အချိန်နှင့် တပြေးညီ ပြီးစီးရေးအတွက် မြို့နယ် စည်ပင် သာယာအမှုဆောင်အရာရှိ ဦးငွေး လှိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းဇော်တို့က ကြီးကြပ်ဆောင် ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၆ရက်က လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးမျိုးကျော်လတ်နှင့်တာဝန်ခံအင်ဂျင်နီယာဦးစိုးသိမ်းတို့ ကျေးလက် အိမ်ရာလျာထားချက်ပြည့်မီစွာ ဆောက်လုပ်မှုကို ငါးဆူတောင်စံပြကျေးရွာ တွင် ကွင်းဆင်းကြီးကြပ်ကြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပခုက္ကူခရိုင် မြိုင်မြို့ မြို့မ(၃) စံပြအခြေခံပညာ မူလတန်းလွန် ကျောင်း၏ ကျောင်းအပ်နှံရေး သီတင်းပတ် လှုံ့ဆော်ရေးလမ်းဖြတ် ပိုစတာလွှင့်တင်ခြင်း အခမ်းအနား ကို မေ၂၄ရက်က ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးကျော်မောင်းနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ စေတနာရှင်များ၊ဆရာဆရာမများ နှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြစဉ်။ (က-ပ)

မြန်မာ့အသံ

၁၄-၆-၂၀၀၄(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဇောချုဂ်သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ
(စလောင်းနှင့် စလောင်းဖမ်းစက် အကြောင်း)
၁၁း၄၀ သိပ္ပံအကြောင်း သိကောင်းစရာ
(ဒုတိယအကြိမ် အာကာသပြိုင်ပွဲ- သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ

ညနေပိုင်း

၁၆း၃၀ ဆွေးနွေးခန်း[တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်)အကြောင်း]
၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇း၄၀ မျက်မှောက်ရေးရာဆွေးနွေးစရာ
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မကောဇင်ချစ်စုဆိုင်းအဖွဲ့နှင့် မန္တလေးတိုင်းမှ မချိုချိုဗိုလ် ဆိုင်းအဖွဲ့)

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းစုပေါင်းသန့်ရှင်း

တွံတေး ဇွန် ၁၀

တွံတေးမြို့နယ် စည်ပင်သာယာဈေးကြီးရှေ့ ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် တပ်မတော်သားများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်း၍ ဇွန် ၈ ရက်က ရေနုတ်မြောင်းများတူးဖော်၍ အမှိုက်များ ရှင်းလင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဦးအောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **(၃၈၀)**

14-6 (16).p65 1 03/24/1905, 4:31 PM

ချိပ်ပိတ်တင်ဒါကြော်ငြာ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ် ၅၀၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

လုပ်ငန်းအမည် – သုံးစွဲပြီးဆယ်တင်စက်ဆီဟောင်းများ အဟောင်းပေး အသစ်ယူစနစ်ဖြင့် ရောင်းချရေး
စပေါ်ငွေ – ၁၀၀၀၀၀ိ/–(ကျပ် တစ်သိန်းတိတိ)
တင်ဒါပိတ်ရက် – ၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်
အချိန် – ၁၄း၃၀နာရီ
တင်သွင်းသူ – ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

တင်ဒါနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) ပထမထပ်၊ ထောက်ပံ့ရေးဌာနခွဲတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းပြီး တင်ဒါစည်းကမ်းနှင့် ပုံစံတစ်စုံလျှင် ကျပ် ၂၀၀ိ/–နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

သုံးစွဲပြီး ဆယ်တင်စက်ဆီဟောင်းများ
အဟောင်းပေးအသစ်ယူရောင်းချရေးအဖွဲ့။

ကြေညာချက်

ရန်ကုန်မြို့ တာမွေမြို့နယ် ဗျိုင်းရေအိုးစဉ်၊ ရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်–၁၁ နေ ကျွန်ုပ်၏အမှုသည် ဦးမောင်လှ (စီအက်ဖ်–၀၄၃၂၈၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ပိုင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် (၈)ရပ်ကွက်၊ စပါယ်လမ်း အမှတ် (၈) (၁၂ ပေခွဲ x ပေ ၅၀) တိုက်ခန်း၏ တစ်ဝက်ကို ပိုင်ဆိုင်ပါသည်။ သို့အတွက် ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ အခြားသူ တစ်ဦးတစ်ယောက်သို့ ရောင်းချ၊ လွှဲပြောင်းပေးကမ်း ပေါင်းနှံခြင်းမပြုရန် တားမြစ်လိုက်ပါသည်။

အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးခင်ဇော် (ဘီ–အေ၊ အိပ်–ဂျီ–ပီ၊အာရ်–အယ်လ်)
စဉ်–၂၁၆၆
တရားရုံးချုပ်ရှေ့နေ
အမှတ်–၂၆၊၅၅၊မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး၌
၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ် ၅၀

သမဝါယမဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဦးလှရွှေ မန်နေဂျာ)	နှင့်	၁။ ဦးအောင်ခိုင် ၂။ ဒေါ်တင်တင်သန်း
တရားနိုင်		**တရားရှုံး**

ရန်ကုန်တိုင်း တရားရုံးတော်၌ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၁ တွင်ရှိခဲ့သည့် ဒီကရီအရ တရားရှုံး ဦးအောင်ခိုင်၊ ဒေါ်တင်တင်သန်းထံမှ ရရန်ဖြစ်သော ငွေပေါင်း ၃၈၅၁၉၇၈ကျပ်၊ ၁၅ပြားကို တရားနိုင်ဖြစ်သူက ရယူနိုင်ရန်အတွက် တရားရှုံးပိုင် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၃ ရက်(၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆုတ် ၃ရက်နေ့) နံနက်၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းပြီး မရွှေ့ပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့် အရာရှိ သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းကို နေ့ချင်း ပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအကျေပေသွင်းရမည်၊ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါ နေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်၊ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံမြို့သစ်၊ မြေကွက်အမှတ် ၁၃၃၊ ဧရိယာ ၂၄၀၀ စတုရန်းပေ၊ အလျား ပေ ၄၀–အနံပေ ၆၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၃၃၊ အောင်ဇေယျလမ်းသွယ် ၂၊ ရပ်ကွက်အမှတ် ၂၀၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံး။

အထက်ပါ တရားရှုံးများပိုင်မြေကွက်၏ ယနေ့အမည်ပေါက် ပိုင်ဆိုင်သူမှာ ဦးအောင်ခိုင်ဖြစ်ပါသည်။

(ကြမ်းခင်းဈေး ကျပ် ၄၈၀၀၀၀၀ (ကျပ်လေးဆယ့်ရှစ်သိန်းတိတိ)

စန္ဒာသွယ်
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး။

အမည်ပြောင်း

အဖ ဦးနီဝင်း၏သား ထားဝယ်မြို့၊ အထက ၁ အဋ္ဌမတန်း(B)မှ မောင်ဇင်ရဲပိုင်အား မောင်ရဲပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲပိုင်။

အမည်ပြောင်း

အဖ ဦးစိုးမင်းလွင်၏သား ရန်ကင်း အလက(၇) စတုတ္ထတန်းမှ မောင်ကျော်နိုင်ဦးအား မောင်စိုးကြည်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးကြည်ဦး။

အမည်ပြောင်း

အထက(၁) ဒဂုံ၊ တတိယတန်း (A)မှ အဖ ဦးဇော်တင့်၏သမီး မမေသူဇော်အား ယနေ့မှစ၍ မဖူးပွင့်မြတ်သူဟု ပြောင်းလဲခေါ်ပါရန်။

ဖူးပွင့်မြတ်သူ။

အမည်ပြောင်း

အဖ ဦးဝင်းထွန်း၏သား အထက (၂) သဃ်န်းကျွန်း အဋ္ဌမတန်း (B)မှ မောင်ထွန်းထွန်းမြင့်အား မောင်ပြည့်စုံထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပြည့်စုံထွန်း။

မိုးစပါးနှင့် မိုးသီးနှံ လျာထားချက်ပြည့်မီရေး သံတွဲ၌ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

သံတွဲ မေ ၃၁

၂၀၀၄–၂၀၀၅ သံတွဲမြို့နယ်စီမံကိန်း သီးနှံတာဝန်ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးစိုးဝင်းတက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်သည်။ (ဝဲပုံ)

ဆက်လက်၍မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းမောင်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသံခဲတို့က စီမံကိန်း သီးနှံများအလိုက် တာဝန်ပေးအပ်မှုနှင့် စီမံကိန်းသီးနှံလျာထားချက်ကျော်လွန်ရေးဆောင်ရွက်ရန်ပြောကြားသည်။ အဆိုပါမြို့နယ်တွင် မိုးစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဧက ခြောက်သောင်းကျော် စိုက်ပျိုးထုတ်လုပ်ကြမည် ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

မက္ကဒေးမီးယား တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းအောင်မြင်ရန် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ကွင်းဆင်းကြည့်ရှု

ပြည် ဇွန် ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကြည်ဝင်း၊ အထွေထွေမန်နေဂျာ ဦးစိုးတင်နှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ငွေတို့က မက္ကဒေးမီးယား စိုက်ပျိုးရေးစီမံကိန်းအောင်မြင်ရေးအတွက် ပြည်ခရိုင် ညောင်ဂျိုးရှိ ဌာနပိုင် မက္ကဒေးမီးယားစိုက်ခင်းကို ဇွန် ၁ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက် ရှိ သော ရွှေဝါထွန်းလမ်း ကတ္တရာခင်း ခြင်း လုပ်ငန်း အား မေ ၃၁ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန် ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မေ ၂၈ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမေတ္တာမွန် ကန်ပတ်လမ်းအား စက်ယန္တရားဖြင့် ဖောက်လုပ်ခြင်းကို ကြပ်မတ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

၎င်းစိုက်ခင်းတွင် ပုဂ္ဂလိကစိုက်ခင်းများပျိုးထောင်ထားရှိသောပျိုးပင်များ၏ ရှင်သန်မှု၊ ဆက်လက် ပျိုးထောင်မည့် လုပ်ငန်းများ၊ စိုက်ခင်းလုံခြုံရေး၊ မက္ကဒေးမီးယားပင်တန်းအကြား ကော်ဖီပင်များ စနစ်တကျ အချိန်မီစိုက်ပျိုးရေးတို့ကို စိုက်ခင်းတာဝန်ခံနှင့် ဝန်ထမ်းများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကုတ်ကားလမ်းဘေးရှိ ကျွဲလေးစမ်းနှင့် ရွှေပုဂံသို့ ကွင်းဆင်းကြည့်ရှုပြီး ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်း လိုအပ်ချက်များကို ပြောကြားခဲ့ကြောင်း သိရသည်။ **(က–ပ)**

ရွှေကျီနှီရီ သမဝါယမအသင်း အမြတ်ငွေထုတ်ပေး

ဆားလင်းကြီး ဇွန် ၄

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ရွှေကျီနှီရီဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၃–၂၀၀၄ခုနှစ်အတွက်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မေ၂၉ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးသန်းဦးက ဆောင်ရွက်ပြီး အခမ်း အနားမှူးအဖြစ် အတွင်းရေးမှူး ဒေါ်ခင်မြမြက ဆောင်ရွက်သည်။ မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးမြအေးနှင့် မြို့နယ စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးအုန်းမြင့်တို့က အမှာစကား ပြောကြားကြပြီး အစည်းအဝေးအပြီးတွင် နှစ်အတွင်းရရှိသည့် အသားတင်အမြတ် ၂၂၇၃၄ ကျပ်မှ အမြတ်ငွေများကို အသင်းသားတစ်ဦးချင်း ထုတ်ပေးကြသည်။ **(၃၄၆)**

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကော့ကရိတ်မြို့ ဝင်းကြီးရပ် ဘုရင့်နောင်လမ်းနေ ဦးအီဆမိုင်–ဒေါ်ကြည်ကြည် တို့၏သား

ဆန်နီတင်ထွန်း

နှင့်

မြဝတီမြို့ ဗိုလ်ချုပ်လမ်းနေ

ဦးအောင်မြင့်–ဒေါ်သန့်ဇင် တို့၏သမီး

မဝါဝါခိုင်(ခ)မီးမီး

တို့သည် ၆–၆–၂၀၀၄ရက်နေ့တွင် ရန်ကုန်မြို့၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

ဆန်နီတင်ထွန်း–မဝါဝါခိုင်(ခ)မီးမီး။

ငွေရတုမင်္ဂလာဆုတောင်း

၁၉၇၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တောင်ငူခရိုင် ထန်းတပင်မြို့နယ်တရားရုံးတွင် လက်ထပ်ခဲ့သော ချစ်ဖေဖေ ဦးလှမြင့်(ဗဟိုတရားရုံးချုပ်ရှေ့နေ တောင်ငူ)နှင့် ချစ်မေမေ ဒေါ်ကေသီ(မြဝတ်မှုန်ညော့်ဂေဟာ) တို့၏ (၂၆) နှစ်မြောက် ငွေရတုမင်္ဂလာ ရက်မြတ်မှသည် နှစ် (၁၂၀) တိုင် သားလေးယောက်နှင့် ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုတောင်းလိုက်ပါသည်။

ဝင်းစည်သူမြင့်	**(Final year Law)**
ဝင်းသီဟန်မြင့်	**(3rd year Law)**
ဝင်းဇေယျာမြင့်	**(Final year IR)**
ဝင်းကျော်စွာမြင့်	**(Final year Geology)**

NPE NPE

ENGLISH (U.M.N)

Visa Home & Interview

GRAMMAR

ကွန်ပျူတာအိမ်လိုက်သင်ပေးသည်
- Basic Course
- Advance Course
– အချိန်ညှိ၍ရသည်။

ဖုန်း–၂၀၀၇၄၇၊၂၉၇၆၀၀၊
Ext–၇၈၄၈

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်မင်းဆန်းဦး ၁၂/လမန(နိုင်) ၁၂၆၅၅၆သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပါ၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စဟူသမျှ လုံးဝတာဝန်မယူပါ။

ဦးအေးမြင့်
၁၂/လမန(နိုင်) ၀၄၄၉၀၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ်အမှတ် ၃၉၃၀၄၈သည် ခရီးသွားရင်း ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

စိုးသီဟကျော်၊ ဖုန်း–၅၀၃၆၈၁

အမွေပြတ်စွန့်လွှတ်ခြင်း

ဦးအေးသောင်း ၁၂/စခန(နိုင်) ၀၀၆၅၅၈၊ ဒေါ်ခင်စန်းကြည် ၁၂/စခန(နိုင်) ၀၀၆၃၃၅ တို့၏ သမီးဖြစ်သူ မသဉ္ဇာအေးသောင်း၁၂/စခန(နိုင်) ၀၅၉၀၃၈ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ် လိုက်နာမှုမရှိပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘများ
ဦးအေးသောင်း
ဒေါ်ခင်စန်းကြည်။

မြန်မာ့ဂုဏ်ရည်အိမ်ရာ

- 1825 sqft.
- 3 Bedrooms | Service Yard | Maid Room
- Swiss Design
- Brand New Generator

အများသိစေရန်အကြောင်းကြားချက်

MCC ၏ အင်္ဂလိပ်ဘာသာ သင်တန်းအစီအစဉ်

LCCI Introduction Course

MS Excel

United Vision

Titanium Branded

No. 8, No. 10, 12 (4 mm∅, 3.25 mm ∅, 2.5 mm ∅)

E-mail Address:

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

မနီလာကျော်(ခ)မီးမီး
B.Sc (Chemistry)
Progeel Manager Fisea
၁၄–၆–၂၀၀၄

သမီးလေးမီးမီး ဒီနေ့ မေမေတို့ကိုခွဲခွာသွားခဲ့တာ တစ်လတင်းတင်းပြည့်ပြီဖြစ်၍ အပတ်စဉ်ပြုလုပ်ပေးတဲ့ ကောင်းမှုကုသိုလ်နှင့် ဒီနေ့ သံဃာတော်အရှင်သူမြတ်တို့ကို တစ်လပြည့်ဆွမ်းကျွေးကုသိုလ်ကောင်းမှုကို မီးမီး မြင့်မြတ်တဲ့ဘုံဘဝက သာဓုခေါ်ဆိုနိုင်ပါစေ။

သမီးမနီလာကျော်(ခ)မီးမီး အမျှ–––အမျှ–––အမျှ

မေမေ ဒေါ်ခင်သန်းရီနှင့်မိသားစု။

Zaw Win & Associates
Z & A Car Rental

ငှားလိုပါသည်

Halar

ဝမ်းနည်းကြေကွဲခြင်း

Ranbaxyကုမ္ပဏီ၏ ကိုယ်စားလှယ် ဦးလှိုင်ဝင်း(ခ)ဦးဒင်္ဂါး (ဟသ်ာတမြို့) သည် ၂–၆–၂၀၀၄ နေ့၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Ranbaxy(I Con) မိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ် နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။

လူပျောက်

ခွန်ညွှန့်အေး အသက်(၁၂)နှစ် တွေ့ရှိက ပအိုဝ်းအမျိုးသား ဓမ္မာရုံသို့ အကြောင်းကြားပါရန်၊ ကျေးဇူးဆပ်ပါမည်။ **ကိုမောင်ဦး၊ ဗဟန်း(၁)လမ်း၊ ရန်ကုန်၊ ဖုန်း-၃၈၀၈၉၇။**

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက် တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊

၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊

၅၄၁၉၀၄



အမည်ပြောင်း

ကမာရွတ်မြို့နယ် အမက(၂) ပထမတန်း(ခ)မှ အဖ ဦးဇော်မြင့်ဦး၏သား မောင်ဉာဏ်လင်းအား မောင်ဉာဏ်လင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဉာဏ်လင်းထွန်း။**

ဒေါ်ခင်အေး(ခ)ဒေါ်ခင်ခင်အေး
အလက-၄၊မြစ်ကြီးနား(ငြိမ်း) (မြစ်ကြီးနား)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၃(F)၊ မီးရထားဝင်းနေ ဦးရဲမြင့်-ဒေါ်ဝင်းဝင်းမေ၊ ဦးဇော်ဝင်း-ဒေါ်အေးအေး (ခ) ဒေါ်အေးအေးထွန်းတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၂-၆-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးစိုးလွင်(ခ)စိန်ဗိုလ်ကြီး
(ဟင်္သာတမြို့)
အသက်(၅၈)နှစ်

ဟင်္သာတမြို့နေ (ဦးစိန်အောင်-ဒေါ်မမ)တို့၏သား၊ (ဦးစစ်တွေ-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ အမှတ် ၆၅၉၊ စောလှဘော်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ မနွယ်နီလွင်၊ မအေမီလွင်၊ မသီဂီလွင်တို့၏ဖခင်၊ ဒေါ်ခင်သိန်း၏ခင်ပွန်းသည် ၁၃-၆-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၃ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မကေသီဌေး(မုံရွာ)
B.Sc (Physics)
အသက်(၂၇)နှစ်

မုံရွာမြို့၊ ရုံးကြီးရပ်၊ ခါးပန်းနီလမ်း၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် ၁၅၊ သုခလမ်းနေ ဦးသန်းဌေး-ဒေါ်အုန်းပိုတို့၏သမီး၊ ကိုသန်းဦး - မယုယုသန်း၏ ညီမ၊ မကေသွယ်ဌေး၏အစ်မသည် ၁၂-၆-၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄
န ၁ ရ တ ိ င
ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးအောင်မြင့် (ပါမောက္ခ၊ ခွဲစိတ်ကုဆရာဝန်ကြီး၊ ဆေး-၂၊ မြောက်ဥက္ကလာပဆေးရုံကြီး)နှင့် ဒေါက်တာဒေါ်ခင်မွန်(ပါမောက္ခ၊ သားဖွား/မီးယပ်ဆရာဝန်ကြီး၊ဆေး-၁၊ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏ဖခင် ဦးဝင်းခိုင်(၈၇နှစ်)သည် ၁၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ယူနစ်(၂)မိသားစု၊ဗဟိုအမျိုးသမီးဆေးရုံကြီး။

ဝမ်းနည်းကြေကွဲခြင်း

မရီရီချို(ညော့်လမ်းညွှန်၊အီတာလျံ)၏ဖခင် ဦးတင်စိန် (ကျိုက်လတ်) အသက်(၅၉)နှစ် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

ညော့်လမ်းညွှန်သူငယ်ချင်းများ

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်သန်း(ခ)ဒေါ်စဘူရာဘီ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ် ၁၇ နေ (ဦးနိုင်နာမိုဟာမက်)၏ဇနီး၊(ဦးအေးမောင်)၊ဦးလှသိန်း(ရေကျော်ဈေး)နှင့် သားသမီး ၁၀ ယောက်တို့၏ မိခင်၊ မြေး ၂၉ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၂-၆-၂၀၀၄ရက် (စနေနေ့)နံနက် ၉း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးမွတ်ဆလင်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကျော်ရန် (မြင်းခြံ)
လ/ထအမှုဆောင်အင်ဂျင်နီယာ(ငြိမ်း) (MEPE)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ် ၁၂၁၃ နေ(ဦးဘစိန်-ဒေါ်ဦးစိန်)တို့၏သား၊ (ဦးချစ်မောင်)-ဒေါ်သိန်းခင်တို့၏သားသမက်၊ ဒေါ်ချိုချို(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းဆွေ-ဒေါ်ခင်မေ(အမက-၁၃၊ မြင်းခြံ)တို့၏ အစ်ကို၊ ကိုဇေယျာမင်း-မအိအိခိုင် (ရေကြောင်းဦးစီး)၊ ကိုဇာနည်ကျော်(A/B Uniteam Marine)-မအေမီကျော် (ရေနံ/ဓာတု)တို့၏ဖခင်၊ ကိုသန်းဇော်စိုး (Uniteam Marine)၊ မကေသွယ်စိုး (အထပြ၊ ပြင်စည်)တို့၏ဦးကြီး၊ မမြတ်သဒ္ဒါကျော်၏အဘိုးသည် ၁၂-၆-၂၀၀၄ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

မြစ်ကြီးနားအသင်း
ဒေါ်ခင်အေး(ခ) ဒေါ်ခင်ခင်အေး
အလက(၄)မြစ်ကြီးနား(ငြိမ်း)
အသက်(၆၇)နှစ်

မိုးကောင်းမြို့ (မြန်မာ့မီးရထားဌာန) ဦးရဲမြင့်(T.C)-ဒေါ်ဝင်းမေ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၃(F)၊ မီးရထားဝင်းနေ ဦးဇော်ဝင်း(ပုဇွန်တောင် ကုန်ရုံ)-ဒေါ်အေးအေးထွန်းတို့၏မိခင်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေသံလွင်လမ်း၊ 82(A)နေ (ဒုတိယဗိုလ်မှူးကြီး ခင်မောင်ချို)-ဒေါ်ခင်ရီတို့၏ ညီမသည် ၁၂-၆-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ ရက် ညနေ ၄း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်ယဉ်ယဉ်ဝေ
B.A˚(Geography)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၂၄၁ နေ (ဦးသန်းရှိန်-ဒေါ်ခင်ညွန့်)တို့၏သမီး၊ ဦးကံမြင့်-ဒေါ်ထွေးဟန်တို့၏သမီးချွေးမ၊ ဦးမြဟန်၏ဇနီး၊ ဦးကြည်ဝင်း-ဒေါ်မြသိန်း၊ ဦးခင်မောင်ကြည်-ဒေါ်အုန်းရှည်၊ ဦးဖေမောင်ခင်-ဒေါ်ဝင်းနွဲ့တို့၏ညီမ၊ ဦးသန်းထိုက်-ဒေါ်စန်းစန်းကြွယ်တို့၏ အစ်မ၊ မောင်ဖြိုးစည်သူအောင်၊ မောင်ကျော်သူရအောင်(အထက-၄၊ မ/ဒဂုံ)၊ မခင်ဥမ္မာကျော်(အလက-၁၊ မ/ဒဂုံ)တို့၏မိခင်သည် ၁၂-၆-၂၀၀၄ရက် ည ၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

တောင်ကြီးအသင်း(ရန်ကုန်)
ဒေါ်စဝ်ပု
အသက်(၉၇)နှစ်

အသင်းဝင် ဒေါ်စဝ်ပုသည် ၁၂-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ရဟန်း၊ကျောင်းဒါယကာကြီး
ဗိုလ်ကြီးသန်းကြွယ် (ငြိမ်း)
(မအူပင်၊စစ်ချောင်း)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ဖော့ကန်ရပ်ကွက်၊ ဝါဦး ၅ လမ်း၊ အမှတ် ၇၁ နေ (ဦးတင့်-ဒေါ်အုန်းခက်)တို့၏ သားကြီး၊ဒေါ်တင်တင်ချစ်၏ခင်ပွန်း၊ဦးအုန်းမြင့် (R/O K.L Shipping HK)-ဒေါ်ကျင်စန်း၊ ဦးလေးနိုင်ထွန်း (Rep. Petrol Serve Shipping Co., Ltd.)-ဒေါ်အေးအေးမြင့်မောင်၊ ဦးသန်းချစ်ကြွယ် (Bosun. Sea Green Co.)-ဒေါ်နုနုရီ၊ Mr Rolf Rod-ဒေါ်ခင်မြင့်မြင့်ကြွယ်၊ဦးအေးအုန်းကြွယ်-ဒေါ်ပွင့်မာ၊ ဦးတင်ထွန်းကြွယ်-ဒေါ်နိုင်နိုင်မော်၊(မောင်စိုးနိုင်)တို့၏ဖခင်၊ကိုမင်းမင်းကံသောင်း-မသတိုးဆွေ၊ မောင်အောင်အောင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၃-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးထိန်လင်း
A.G.T.I (EP) 1971, M.Mes (EP)
အမှုဆောင်အင်ဂျင်နီယာ(ခ)
ရန်ကုန်ပင်မဓာတ်အားခွဲရုံ(လှော်ကား)
အသက်(၅၄)နှစ်

အမှတ် ၉၅၃၊ အောင်မင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်နေ (ဦးမြမောင်-ဒေါ်သန်းရီ)တို့၏သား၊ (ဦးမျိုးချစ်)-ဒေါ်သင်းကြူတို့၏ သားသမက်၊ ဒေါ်ခင်နုမြူ၏ခင်ပွန်း၊ မထက်ထက်လင်း(အမက-၃၊ အင်းစိန်)၊ မယုယုလင်း (အမက-၃၊ အင်းစိန်)တို့၏ဖခင်သည် ၁၂-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒုရဲအုပ်စစ်အောင်
ဒုရဲအုပ်လောင်းအပတ်စဉ်(၁၉)
ဒဂုံမြို့သစ်(တောင်ပိုင်း)ရဲတပ်ဖွဲ့စခန်း
အသက်(၃၈)နှစ်

ဘိုကလေးမြို့၊ ကဒုံကနီကျေးရွာနေ (ဦးအောင်သိန်း-ဒေါ်မြကြည်)တို့၏သား၊ ဒေါ်သန္တာချို၏ခင်ပွန်း၊ မောင်ရဲရင့်အောင် (စတုတ္ထတန်း၊ အမက-၂၁)၏ဖခင်သည် ၁၃-၆-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(တောင်ပိုင်း)ရဲစခန်းမှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

မောင်မျိုးသူ
B.Sc (Maths)
အထက(၂)တ/ဥ(ကျောင်းသားဟောင်း)
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၀ လမ်း၊ အမှတ် ၈၃၉ နေ ဦးသိန်းဝင်း-ဒေါ်စိန်စိန်မြင့်တို့၏သား၊ မနီလာအေး(ရိုးမဘဏ်)၊ (မောင်ကျော်လွင်)-မမြင့်မြင့်ဦးတို့၏ညီ/မောင်၊ မောင်အောင်ခန့်ဦး၏ ဦးလေးသည် ၁၃-၆-၂၀၀၄ရက် နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးသန့်
အသက်(၈၇)နှစ်

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၁၆၈ နေ(ဦးပါ)၏ဇနီး၊ ဒါးပိန်မြို့နေ ဦးတင်ဝင်း-(ဒေါ်ခင်ပု)တို့၏ အစ်မ၊(ဦးကြည်ထွန်း)-ဒေါ်ရီရီ၊(ဦးသိန်းအောင်)-ဒေါ်မြမြကြည်(ဗဟိုစာရင်းရုံး)၊ ဦးကြည်သိန်း (ကကဌေ)-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းလှိုင်၊ (ဦးဝင်းကြည်)-ဒေါ်အေးအေး၊ ဦးဝင်းဌေး(ခ)ဦးလှမြင့်-ဒေါ်စန်းမြင့်ထွေးတို့၏မိခင်၊ ကိုကျော်စွာမိုး-မဇင်မင်းသက်၊ ကိုတင်ဦး-မအေးစန္ဒာထွန်း၊ ကိုထွန်းလင်းအောင်-မနီနီလွင်၊ မချိုမင်းသက်၊ မောင်အောင်မျိုးထွန်း၊ မောင်ကျော်လင်းထက်၊ မောင်တေဇာလင်းထက်၊ မောင်မြတ်သူထွန်း-မခင်သန်းနွဲ့၊ မောင်ဇော်မျိုးထက်၊ မနေခြည်လင်းထက်၊ မအိနန္ဒာစိုး၊ မောင်မာဃဖြိုး၊ မခင်သူသူဝင်းတို့၏အဘွားသည် ၁၃-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှဝင်း(ခ) ဒေါ်အမာ
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ် ၆၈နေ (ဦးဘထွန်း-ဒေါ်ငွေရင်)တို့၏ သမီး၊ ဦးလှရွှေ (တပ်မတော်အရာရှိ၊ ငြိမ်း၊ ကကဆက်)၏ဇနီး၊ ဦးဇော်ဝင်း (C/E HUB Shipping Co.)-ဒေါ်မြင့်မြင့်သန်း(စက်မှုစားကုန်၊ငြိမ်း)၊ ဦးအောင်ခိုင်၊ ဒေါ်စန်းစန်းဝင်း(လ/ထ မန်နေဂျာ၊ အာမခံ)၊ ဗိုလ်မှူးသိန်းဝင်း(ကျိုင်းတုံ)-ဒေါ်မြင့်မြင့် (MPPE)၊ ဦးမျိုးဝင်း(နယ်စပ်/စည်ပင်) - ဒေါ်လဲ့လဲ့ဝင်း(အာမခံ)၊ ဦးကျော်ကျော်ဝင်း(R/O)-ဒေါ်ချိုချို(MPPE)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်စိန်(ကျိုက်လတ်)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ပါရမီကွန်ဒို (၁၂+၁)တိုက် အခန်း ၁၀၀၃၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးအောင်သိန်း-ဒေါ်အေးမိ)တို့၏သားလတ်၊ဒေါ်ကြည်မြင့်၏ခင်ပွန်း၊ ဒေါ်သန်းမြင့်၊ ဒေါ်ကျင်မြ၊ ဒေါ်မြဟန်၊ ဦးကျော်စိုး၊ ဦးစန်းမောင်တို့၏ညီ/မောင်၊ ဒေါ်စန်း၏အစ်ကို၊ မရီရီချို (ညော့်လမ်းညွှန်၊ အီတာလျံ)၊ မရီရီခိုင်၊ ကိုသန်းဇော်၊ မောင်သိန်းဇော်ဦး၊ မောင်ဝင်းဇော်ထွန်း၊ မောင်ရန်နိုင်လင်းတို့၏ဖခင်၊ နှင်းဝတ်ရည်ဇော်၏အဘိုးသည် ၁၂-၆-၂၀၀၄ ရက် (စနေနေ့) ည ၇း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအောင်ဆန်းဦး
(ယာယီတပ်ခွဲမှူး ဗိုလ်မှူး)
OTS -၉၁
အသက်(၃၄)နှစ်

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ် ၁၃၊ ၁၂ လမ်းနေ ဦးအောင်ဌေး-ဒေါ်သန်းရီတို့၏ သားကြီး၊ရန်ကင်းမြို့နယ်၊(၁၃)ရပ်ကွက်၊ အမှတ် ၆၄၊ အောင်ဇေယျလမ်းနေ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)-ဒေါ်ခင်ဆွေဝင်းတို့၏သားသမက်၊ ဒေါ်မေဦးခိုင်၏ ခင်ပွန်း၊ မသီတာစန်း၊ကိုဇော်လင်းထွဋ်-မယဉ်ယဉ်အေးတို့၏ အစ်ကိုကြီးသည် ၁၃-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် မြိတ်မြို့ တပ်မတော်စစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁ နာရီတွင် စစ်အခမ်းအနားဖြင့်ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးမြသွင် (ဒေးဒရဲမြို့)
(အငြိမ်းစားကျောင်းဆရာကြီး)
အထက(၁)၊လမ်းမတော် (ယခင် စိန့်ဂျွန်းကျောင်း)
အထက(၁)တောင်ဥက္ကလာပမြို့
အသက်(၈၇)နှစ်

ဦးခေမာစာရ (ဓမ္မာစရိယ၊ ဘီအေ) မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်း၏ ရဟန်းဒါယကာ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၃၃ နေ (ဦးဘိုးထူး-ဒေါ်စိန်)တို့၏သား၊ (ဒေါ်ခင်မြို့)၏ခင်ပွန်း၊ ဦးတင်လတ်ထွန်း-ဒေါ်အေးအေးသွင် (ဘရေ)၊ ဦးမျိုးသွင်-ဒေါ်ခင်လှလှ၊ ဦးကျော်စိုးသွင်၊ ဒေါ် ပြုံးပြုံးသွင်(ရေနံ၊ဓာတု)၊ ဦးအောင်မိုးသွင်-ဒေါ်ဟီတိုမီ၊ ဒေါ်ချိုချိုသွင်(ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်)၊ မစုစန္ဒာသွင်တို့၏ဖခင်၊ မခင်မေမွန်(မအူပင် G.T.C)၊ မအေးမြသီရိ (IIC, Y.T.T.C)၊ မောင်ရဲလင်းခန့်တို့၏ အဘိုးသည် ၁၃-၆-၂၀၀၄ရက် နံနက် ၃း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပြီးဖြစ်ပါ၍ ၁၅-၆-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးသိန်းဟန် (ပန်းတောင်း)
အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ပန်းတောင်းမြို့နေ(ဦးဒီဘိုး-ဒေါ်မှတ်)တို့၏သားကြီး၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၅/၁/၁၁၀ နေ ဒေါ်အေးသင်၏ ခင်ပွန်း၊ ဦးအောင်ကျော်ဇေ-(ဒေါ်ဝင်းမြင့်)၊ ဦးရင်ကြည်-ဒေါ်လှမြင့်အေး၊ ဦးနေဇလ-ဒေါ်အေးအေးသိန်း၊ ဦးသိန်းထွန်းနိုင်-ဒေါ်သီတာတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ကန်ကွေလှိုင်(ခ)ဒေါ်အေးသန်း
(မဒေါက်မြို့)
အသက်(၆၂)နှစ်

လသာမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်အမှတ် ၁၇၇/၁၈၁၊ ၁၇လမ်းနေ [(ရပ်)ယပ်အီလှိုင်(ခ)ဦးချစ်စိန်-(စော)ရှုအင်(ခ)ဒေါ်ခင်စိန်]တို့၏သမီးချွေးမ၊ ညောင်လေးပင်မြို့နယ်၊အမှတ် ၂၄၇၊ ကမ်းနားလမ်း၊ မဒေါက်မြို့နေ (ကန်)[ဦးစစ်ချောင်-ဒေါ်ကြည်]တို့၏သမီးကြီး၊ ဒေါ်ခင်မေဝင်း-ဦးဝင်းအောင်၊ ဦးသန်းရွှေ-ဒေါ်ရှုမေ၊ ဦးသန်းငွေ-မတင်တင်မြင့်၊ ဒေါ်လှလှစိန်-ဦးမောင်မောင်ရင်၊ ဦးမျိုးမြင့်-ဒေါက်တာချိုချိုဝင်းတို့၏ အစ်မကြီး၊ (ရပ်)ဆွင်ဆိုင်(ခ)သန်းခင်(ခ)ဦးစိုးလွင်၏ဇနီး၊ ဒေါ်စိုးယုလွင်၊ ဒေါ်စိုးယုခိုင်-ဦးဂရေး၊ (ဦးသန်းစိုးလင်း)၊ ဦးမြတ်စိုးလင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၆-၂၀၀၄ရက် ည ၇း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၃-၆-၂၀၀၄ရက်တွင်မဒေါက်မြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစံမြိုင်
ကြည်း-၁၆၉၉၇
OTS - ၆၂
အသက်(၅၃)နှစ်

မော်ဘီမြို့နယ်၊မြောင်းတကာကျေးရွာနေ (ဦးချစ်တီး-ဒေါ်လုံးပု)တို့၏ သား၊ (ဦးချစ်မောင်-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဒေါ်ခင်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဦးမောင်မောင်ဆွေ (လ/ထ အင်ဂျင်နီယာ၊ ကညန၊ မော်လမြိုင်)-ဒေါ်သန်းသန်းဆွေ(လ/ထ မန်နေဂျာ၊ မတယရုံးချုပ်၊ စက်မှု-၂)တို့၏အစ်ကို၊ မခိုင်အိအိစံ၊ မောင်ထက်အောင်စံ၊ မောင်ဖြိုးဝေစံတို့၏ဖခင်သည် ၁၂-၆-၂၀၀၄ရက် (စနေနေ့)ညနေ၅း၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

မြန်မာနိုင်ငံအောက်ပိုင်းနှင့်တောင်ပိုင်း ဒေသများတွင်နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇွန် ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းတွင် ဒေသအလိုက်နှင့်စစ်ကိုင်းတိုင်းအောက်ပိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်မြို့လယ် ၅လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ) ၄ဒသမ၄၉လက်မ၊ ရန်ကုန်(ကမ္ဘာအေး) ၄ဒသမ၂၁ လက်မ၊ မော်ဘီမြို့ ၃ဒသမ၉၈လက်မနှင့် မုံရွာမြို့တွင် ၂ဒသမ၉၅လက်မတို့ဖြစ်ကြသည်။

ယနေ့နံနက် မြန်မာစံတော်ချိန်၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့၏ အနောက်တောင်ဘက် မိုင်၃၂၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုအားပြုနေပြီး မြောက်-အရှေ့မြောက်ဘက်ဆီသို့ ရွေ့လျားမည်ဟု ခန့်မှန်းထားသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအများအားဖြင့် အားအလွန်ကောင်းနေကြောင်းသိရသည်။

ဇွန် ၁၄ရက်ညနေအထိ ခန့်မှန်းချက်အရ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (မြန်မာ့အလင်း)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

"သန့်စင်တဲ့သွေးနဲ့ လူသားများရဲ့အသက်ကို ကယ်တင်နိုင်တာ မွန်မြတ်လှတဲ့စေတနာ လုပ်ငန်းပါ"

မခင်သန္တာဦး
(၃၇)ကြိမ်သွေးလှူရှင်။

သွေးသည်အသက် အသက်သည်သွေး မနှေးပေးလှူ ကုသိုလ်ယူ

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ ဓာတ်ပုံ-သိန်းဝင်း(ကျန်းမာပညာ)

ရန်ကုန် ဇွန် ၁၃

ကမ္ဘာ့သွေးလှူရှင်များနေ့ (World Blood Donor Day) သည်ကား ကျရောက်လာပြန်ပြီ ဖြစ်သည်။ဇွန် ၁၄ရက်(ယနေ့)တွင်ကျင်းပမည့် ကမ္ဘာ့သွေးလှူရှင်များနေ့ ဆောင်ပုဒ်မှာ **အသက်သခင် သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ** (Blood, a gift for Life. Thank you.) ဟူ၍ ဖြစ်သည်။

တွေ့ဆုံမေးမြန်း

သွေးသည်အသက်၊ အသက်သည်သွေးဖြစ်၍ ဘဝတစ်သက်တာ ကျေးဇူးတင်စရာ သွေးလှူရှင်များနှင့် ပတ်သက်၍ မြန်မာ့အလင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်သို့ သွားရောက်၍ တာဝန်ခံဆရာဝန် ဒေါက်တာသီတာအောင်အား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှင်းလင်းပြောကြား

တာဝန်ခံဆရာဝန် ဒေါက်တာသီတာအောင်က စိတ်ရှည်လက်ရှည်ဖြင့် သိလိုသည်များကို ရှင်းလင်းပြောပြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

ရိုးရာလက်ဝှေ့လက်ရည်စစ်လူရွေးပွဲနောက်ဆုံးပွဲစဉ် ဝမ်ချိုင်းကိုရွှေဆိုင်းအလဲထိုးပြီးချန်ပီယံဘွဲ့ဆက်ထိန်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၃

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲအတွက် မြန်မာ့ရိုးရာလက်ဝှေ့လက်ရည်စစ်လူရွေးပွဲ ဒုတိယနေ့ နောက်ဆုံးပွဲစဉ်များကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

လက်ဝှေ့ ဝါသနာအိုးများ မျှော်လင့်စောင့်စားနေသည့် မစ်ဒယ်လ်ဝိတ်တန်းလက်ရည်စစ် လူရွေးပွဲတွင် မြန်မာပြည်လက်ရှိချန်ပီယံရွှေဆိုင်းက နာမည်ကြီး မြန်မာ့ရိုးရာ လက်ဝှေ့ကျော် ရွှေခါးပတ်ချန်ပီယံ ဝမ်ချိုင်းကို တတိယအချီ ၁ မိနစ် ၅၂ စက္ကန့်တွင် သူ၏ ပြင်းထန်လှသော ညာခြေကန်ချက်ဖြင့် ဝမ်ချိုင်းကို အလဲထိုးကာ ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းသွားသည်။

အရှုံးဖြင့်ရင်ဆိုင်

ရွှေဆိုင်းသည် ဝမ်ချိုင်းနှင့်ယခင်က ငါးချီပွဲတွင် သရေကျထားပြီး အရှုံးအနိုင် အဖြေမပေါ်ဘဲရှိနေရာမှ ယခု ဒုတိယအကြိမ်ပြန်ဆုံတွေ့ရာမှ အနိုင်ရရှိ၍ မိမိ၏ *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

ဝမ်ချိုင်း၏ ညာခြေကန်ချက်ကို ချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ)က ဘယ်လက်ဖြင့် တားပြီးဖမ်းချုပ်ရန် ဤသို့ကြိုးစားခဲ့သည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ယူရို၂၀၀၄ အုပ်စုပွဲစဉ်သုံးသပ်ချက်

အီတလီကဒိန်းမတ်ကိုအနိုင်ရရန် ဖြစ်နိုင်ချေများ ဆွီဒင်နှင့်ဘူဂေးရီးယားခြေစွမ်းမတိမ်းမယိမ်းရှိ

ကိုထွေး-စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၁၃

၂၀၀၄ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ(EURO 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ ရက်မှ စတင်ကျင်းပလျက်ရှိရာ အုပ်စု(ဂ) အဖွင့်ပွဲစဉ်များအဖြစ် ဇွန် ၁၄ရက်(ယနေ့)မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဒိန်းမတ်နှင့် အီတလီ၊ ဇွန် ၁၅ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဆွီဒင်နှင့် ဘူဂေးရီးယားတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အုပ်စု(ဂ)၌ ပါဝင်သောအသင်းများအနက် အီတလီအသင်းမှလွဲလျှင် ဒိန်းမတ်၊ ဆွီဒင်နှင့် ဘူဂေးရီးယားအသင်းတို့ ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းသာ ရှိကြသည်။အီတလီအသင်းကို အုပ်စုချောင်သည်ဟု ယူဆကာ အုပ်စုပထမရနိုင်သည်ဟု ခန့်မှန်းထားကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

ဂရိအသင်းမှ ဆီထရိုက်ဒစ်အား ပေါ်တူဂီမှ ရော်နာလ်ဒိုက တွန်းလှဲ ဟန့်တားမှုကြောင့် ပယ်နယ်တီ ပြစ်ဒဏ်ဘော ပေးခဲ့ရသည့် မြင်ကွင်းကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ချော်ရည်များစီးကျလာ

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်းရှိ မောင့်အော်ဂူ မီးတောင်မှ ချော်ရည်များ တောင်ကုန်းတစ်လျှောက် စီးကျ လာနေသည်ကို တွေ့ရပုံဖြစ်သည်။ **(အောက်ပုံ)** အင်ဒိုနီးရှားအာဏာပိုင်များက မီးတောင်၏ ဆင်ခြေလျှောတစ်လျှောက် ကျေးရွာများကို ရွှေ့ပြောင်းနေရာချထားပေးခဲ့ရသည်။ **(ရိုက်တာ)**



မောင့်ဘရိုမိုမီးတောင်ပေါက်ကွဲ

မောင့်ဘရိုမို မီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးလုံးများကောင်းကင်သို့ အလိပ်လိုက်တက်နေစဉ်။

အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးမားဆုံးမြို့ဖြစ်သည့် အရှေ့ဂျာဗား မြို့တော် ဆူရာဗာရာ၏ တောင်ဘက် ၄၆ မိုင်အကွာအဝေးရှိ မောင့်ဘရိုမို မီးတောင် အင်္ဂါနေ့ကပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုးလုံးများ ဖုံးလွှမ်းသွားသည်။ **(အပေါ်ပုံ)** **(ရိုက်တာ)**